# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 August 2022 ၁၀၈၃၇


## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃နှစ်က ဆင်ဖြူတော် (အထီး)ကလေး တစ်စီးအား ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✰



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၃

| | |
|---|---|
| ကိုကိုးကျွန်း | ၅ ဒသမ ၁၇ လက်မ |
| ပေါက်တော | ၄ ဒသမ ၆၈လက်မ |
| စစ်တွေ | ၄ ဒသမ ၄၄ လက်မ |
| ဟိုင်းကြီးကျွန်း | ၄ ဒသမ ၁၇ လက်မ |
| ထီးလင်း | ၃ ဒသမ ၂၀ လက်မ |
| ပေါင် | ၂ ဒသမ ၇၂ လက်မ |
| ကော့သောင်း | ၂ ဒသမ ၆၄ လက်မ |
| ပင်လောင်း | ၂ ဒသမ ၆၀ လက်မ |
| ကျောက်ဖြူ | ၂ ဒသမ ၄၄ လက်မ |


ယနေ့ ဖတ်စရာ

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ် ထုတ်ပြန်ကြေညာ စာမျက်နှာ » ၅

သံတမန်စကား၏ နောက်ကွယ်မှရည်ရွယ်ချက် စာမျက်နှာ » ၆




မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့၏ နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲ စာမျက်နှာ » ၈

ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၀၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦး တွေ့ရှိ စာမျက်နှာ » ၁၆

ကြေးမုံ

# တစ်စိတ်တစ်ဝမ်းတည်း ငြိမ်းချမ်းရေးဖော်ဆောင်

"အမိနိုင်ငံတော်တည်းဟူသော အရိပ်အာဝါသအောက်တွင် အတူတကွ ပေါင်းစည်းနေထိုင်ကြသူများဖြစ်သဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပါက တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူ သဘောထားတူညီစွာ အတူတကွ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန်" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဩဂုတ်လ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ရှေ့နှစ်ပေါင်းထောင်ချီကတည်းက တိုင်းရင်းသားလူမျိုး တစ်ရာကျော် စုပေါင်းနေထိုင်ခဲ့သော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ မရှိအတူ ရှိအတူ အေးအတူပူအမျှ အတူတကွလက်တွဲနေထိုင်ခဲ့ကြပြီး ပြည်ထောင်စုကြီးကို ထိပါးကျူးကျော်လာသူများအား အတူပူးပေါင်းလက်တွဲ၍တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တောင်တန်း-ပြည်မ သွေးခွဲအုပ်ချုပ်မှုအရ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ရပြီး လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ လူမျိုးစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများဖြင့် ပြည်ထောင်စုကြီးအရေးကို မရှေးရှုနိုင်သောကြောင့် မငြိမ်းချမ်းမှုများသည် နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်လာပြီဖြစ်သည်။

မငြိမ်းချမ်းခြင်း၏ အကျိုးဆက်များကြောင့် အထူးသဖြင့် တိုင်းရင်းသားဒေသများရှိ ပြည်သူများမှာ ဆင်းရဲဒုက္ခရောက်ကြရပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျကျန်နေခဲ့ရသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့နှင့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ရည်ရွယ်၍ ထိုနှစ်ထိုကာလတွင် ငြိမ်းချမ်းရေးခရီး အလှမ်းနီးလာနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် နိုင်ငံတော်အကြီးအကဲနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀)ဖွဲ့တို့ ပထမအကြိမ်တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အလားအလာကောင်းများရရှိကာ ဆက်လက်၍ ဒုတိယအကြိမ် ထပ်မံတွေ့ဆုံဆွေးနွေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို လိုလားနှစ်သက်ကြသည်။ အဆိုပါပြည်ထောင်စုကို တည်ဆောက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးရရှိရန် မဖြစ်မနေလိုအပ်သည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားဖိတ်ခေါ်၍ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တို့အပေါ်တွင် အခြေခံ၍ ငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားအဖွဲ့များနှင့်ဆွေးနွေးပြီးပါက အားလုံးနှင့်သဘောတူညီမှုဖြင့် ထာဝရငြိမ်းချမ်းရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

တစ်ဦးနှင့်တစ်ဦးတွင် မတူညီသော သဘောထားအမြင်များရှိကြသည်။ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုတည်းတွင်ပင် မတူညီသောသဘောထားအမြင်များနှင့်ရပ်တည်ချက်များရှိနိုင်သည့်အတွက် တူညီသော သဘောထားအမြင်များရရှိအောင် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လာအောင် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ဘီလီယံ ၃၃၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ခွင့်ပြုပေးထားပြီး လက်တွေ့ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါအခွင့်အရေးကို အမိအရရယူ၍ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် အပြည့်အဝအသုံးချနိုင်ရန် လိုအပ်သည်။

တိုင်းပြည်ငြိမ်းချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ရဲရဲဝံ့ဝံ့ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ အကောင်းအဆိုး၊ အကြောင်းအကျိုးများကို သဲကွဲစွာမြင်တွေ့လာရပြီဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုး အကျိုးအတွက် နိုင်ငံရေးရည်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး အရေးကြီးသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်အကြီးအကဲ၏ တိုင်းပြည်၊ ပြည်သူလူထုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ထားရှိသည့် စစ်မှန်သော စေတနာကို ပိုမိုထင်ရှားသိမြင်လာကြပြီဖြစ်သည်။

သို့ဖြစ်ရာ အတူတကွစုပေါင်းနေထိုင်လာခဲ့ကြသော တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ရာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူ သဘောထားတူညီစွာဖြင့် အတူပူးပေါင်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်း။ ။

## ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရယူထားသူ ဒေါ်ရတနာဝတ်ရည်ထွန်း (ကံကောင်းခြင်း အိမ်ငယ်လေးစာပေ) သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ ညစ်ညမ်းစာများကို ထုတ်ဝေဆောင်ရွက်ခဲ့သည့်အတွက် ၎င်းအား ထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၂ ရက်မှစတင်၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ၎င်းစာပေအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်ဝေဆောင်ရွက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃- ၈ -၂၀၂၂)

| ကုမ္ပဏီ အမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၀၀၀ | ၆၀ | ၄၂၅,၀၀၀ |
| MTSH | ၂,၅၀၀ | ၂,၄၅၀ | ၄,၇၅၁ | ၁၁,၄၉၉,၆၀၀ |
| MCB | ၆,၈၀၀ | ၆,၈၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၅၈ | ၁,၀၁၅,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂၀ | ၄၈,၀၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၄၀ | ၉၈,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၈၆.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၆.၇၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၁၄၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၇.၈၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၂၉၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၅.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၀၄.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၀.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၆.၆၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌတို့ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ခိုင်စိုးမြတို့ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်တို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြသည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ဇယား (၁)ပြည်ထောင်စု ဥပဒေပြုစာရင်းနှင့် ဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတို့နှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဇယား ၂)အား ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်က ရှင်းလင်းတင်ပြသည်။

**ဆက်လက်ကျင်းပသွားမည်**

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ ဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက်တွင် ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း



နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ထပ်ဆင့်ရှင်းလင်းဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ (၆)လပတ်ကာလ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ **"Keep Moving Forward to Achieve Our Goal" "ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဟူသည့် လမ်းညွှန်ချက်အတိုင်း ပိုမိုကြိုးစားဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ အောင်မြင်စေရေး ဝန်ထမ်းများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်မှု သီတင်းပတ်ဖွင့်ပွဲအခမ်းအနားနှင့် တတိယအကြိမ်မြောက် အာဆီယံ-တရုတ် ပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ်တွင် ကျင်းပသော ၂၀၂၂ခုနှစ် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်မှု သီတင်းပတ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အွန်လိုင်းစနစ်ဖြင့်ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်တို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ကွေ့ကျိုးပြည်နယ် အမြဲတမ်းကော်မတီဝင်က လည်းကောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်ရေးရာ၊ အားကစားဝန်ကြီးနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့က လည်းကောင်း နှုတ်ခွန်းဆက်စကား ပြောကြားကြကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ်မြောက် အာဆီယံ-တရုတ် ပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲကို နံနက် ၈ နာရီခွဲတွင်ကျင်းပရာ အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများက အွန်လိုင်းမှ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က လူသားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေး ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးရာ ဆရာအရည်အသွေး၊ ကျောင်းသားအရည်အသွေး၊ စီမံ/ဘဏ္ဍာ ဝန်ထမ်းအရည်အသွေးများ မြှင့်တင်နိုင်မည့် နည်းလမ်းများကိုလည်းကောင်း၊ တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ပြီး တရုတ်-အာဆီယံ ပညာရေးဝန်ကြီးများအကြား အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ နိုဝင်ဘာလအတွင်း ကျင်းပနိုင်ရေး အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဦးစီးကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များဖြင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်ရန်နှင့် ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် ခေတ္တရပ်နားထားခဲ့ရသော ဖျော်ဖြေတင်ဆက်မှုလုပ်ငန်းများ ပြန်လည်စတင်၍ ပြည်သူများ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အဆင့် ပဒေသာကပွဲတစ်ခုကို နိုဝင်ဘာလအတွင်း ကျင်းပရန် လျာထားပါကြောင်း။



ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကို (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့သည် နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ၇၅ နှစ်လုံး အစိုးရအဆက်ဆက် ထိန်းသိမ်းနိုင်ခဲ့သည့် အဓိပ္ပာယ်ပြည့်ဝပြီး အနှစ်သာရရှိသော နေ့ထူးနေ့မြတ်တစ်ခုဖြစ်သည့်အားလျော်စွာ အဆိုပါ ပဒေသာကပွဲကြီးကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ရက်လျာထားမှုနှင့် ပတ်သက်၍ အခမ်းအနားတစ်ခုနှင့် တစ်ခုကြား လွတ်ကင်းသော ရက်ရွေးချယ်သတ်မှတ်နိုင်ရေးနှင့် ယခုကျင်းပမည့် ပဒေသာကပွဲကို လစ်ဟာမှုမရှိအောင် မိမိတို့ဘက်မှ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ပြဇာတ်ရုံဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပဒေသာကပွဲကြီး ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကျင်းပမည့် အချိန်ကာလ၊ ဖျော်ဖြေရေးအစီအစဉ်များ လျာထားမှု၊ ဆပ်ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ပဒေသာကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**



# လယ်ဝေးမြို့နယ်ရှိ မသန်စွမ်းလူငယ်များအား အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းလူငယ်များ၏ အခွင့်အရေးကို ကာကွယ်ရေး၊ မသန်စွမ်းလူငယ်များ၏ဘဝ မြှင့်တင်ရေးနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်စေနိုင်ရန် ရည်ရွယ်၍ မသန်စွမ်းလူငယ်များအား အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော် လယ်ဝေးမြို့နယ် Training Centre(2) ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွန့်က နိုင်ငံတော်၏ အနာဂတ်သည် ယနေ့လူငယ်များအပေါ် များစွာမူတည်ပါကြောင်း၊ လက်ရှိလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး အသိဉာဏ်ပညာပြည့်စုံမှ နိုင်ငံတော်သည် နောင်တစ်ချိန် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာနမှ အာဆီယံလူငယ်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်နေရသည့်လုပ်ငန်းတာဝန်များထဲမှ မသန်စွမ်းလူငယ်များ ပါဝင်ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ လူငယ်ရေးရာဦးစီးဌာနမှ မသန်စွမ်းလူငယ်များ လုပ်ငန်းအပေါ် ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ၏ တိုင်းဒေသကြီးနှင့်ပြည်နယ်လူငယ်ရေးရာကော်မတီများဖွဲ့စည်းရာတွင် မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းနိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးက နေပြည်တော် မြို့နယ်ရှစ်မြို့နယ်၌ မသန်စွမ်းလူငယ်များ အားကစား လေ့ကျင့်သင်ကြားနိုင်ရေးနှင့် ပတ်သက်၍ မြို့နယ်အသီးသီးရှိ အားကစားကွင်း/ရုံများ အသုံးပြုနိုင်ရေးကိစ္စရပ်များ၊ မသန်စွမ်းအားကစားနည်းအလိုက် နည်းပြ/နည်းစနစ်ရရှိနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်ရေးရာဦးစီးဌာန မသန်စွမ်းလူငယ်ရေးရာဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော မသန်စွမ်းလူငယ်များကိုယ်စား နေပြည်တော်မသန်စွမ်းအသင်းချုပ်ဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်းက မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် စာပေဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကျောက်တံတားခရိုင် ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန် ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန် စာတည်းမှူးချုပ် ဦးတိုးကျော်က ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး "ခေတ်မီထိရောက်သော ဘာသာပြန်ဌာနစုတစ်ခု ဖြစ်စေရန်" ခေါင်းစဉ်ဖြင့် ဆရာဦးခင်မောင်အေး (K.M.A)၊ ဆရာဦးမောင်မောင်ဦး (ဟိန်းလတ်)နှင့် ဆရာဦးမောင်လှိုင်(မောင်ဆွေယံ) တို့က ဟောပြောကြသည်။

မွန်းလွဲပိုင်းတွင် "ပြီးပြည့်စုံသော စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်း" ခေါင်းစဉ်ဖြင့် ဆရာဦးမောင်မောင်ဦး (ဟိန်းလတ်)၊ ဆရာဦးကြည်ဝင်း(လောကအမွန်) နှင့် ဆရာဒေါက်တာသိန်းလွင် (မြန်စာမြေသိန်းလွင်) တို့က ဆက်လက် ဟောပြောကြသည်။

**ကြိုဆိုဂုဏ်ပြု**

ယနေ့ကျင်းပသည့် စာပေဟောပြောပွဲသည် ၁၉၄၇ ခုနှစ် ဩဂုတ်၂၆ ရက်တွင် "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသည့် ဆောင်ပုဒ်ဖြင့် စတင်တည်ထောင်ခဲ့သည့် စာပေဗိမာန်၏ (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

■



☆ **ရှေ့ဖုံးမှ**

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေး အဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

**ကျန်းမာပျော်ရွှင်လျက်ရှိ**

အထက်ပါ ဆင်ဖြူတော်ကလေးမှာ ယခုအသက် တစ်လသား အရွယ်တွင် အရပ်အမြင့် ၂ ပေ ၆ လက်မခွဲ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၃ လက်မ၊ ကိုယ်အလေးချိန်၂၀၂ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် Human and Friendly စနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ် ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်**

ရက်စွဲ- ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၃)ရက်

၁။ တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ဖြေဆိုခြင်းမရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် စနစ်ဟောင်း၊ သင်ရိုးဟောင်း တက္ကသိုလ်ဝင်စာမေးပွဲကို နောက်ဆုံးအကြိမ်အဖြစ် ၂၀၂၃ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း လျှောက်ထားရမည်ဖြစ်ပြီး တစ်ဦးလျှင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်း (၇၀၀ိ/-)နှင့် လျှောက်လွှာတစ်စောင် (၂၀၀ိ/-) စုစုပေါင်း (၉၀၀ိ/-) ကျသင့်ပါမည်။

၃။ စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ် (၁)၊ (၅)၊ (၆)၊ (၇)၊ (၈) များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် (၂)၊(၃)၊(၄) များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး (၇၀၀ိ/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး၊ လျှောက်လွှာတစ်စောင်ချင်းတွင် ကပ်၍စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး (၇၀၀ိ/-) ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် သတ်မှတ်ရက်များအတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ စာဖြေသူ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာပုံစံတွင် မိဘအမည်၊ မွေးသက္ကရာဇ်များကို ကျောင်းဝင်(ခ)စာရင်းအတိုင်း မှန်ကန်စွာ ဖြည့်စွက်ရေးသွင်းရန် လိုအပ်ပါမည်။

၇။ စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာ စစ်ဆေးပြီး သတ်မှတ်ရက်များအတွင်း အချိန်မီပေးပို့ရန် ဖြစ်ပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ်(၅၂)၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**



## မြန်မာ့စီးပွားရေးဘဏ်(တာမွေဘဏ်ခွဲ)တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကြိုတင်တိုကင်စနစ်ဖြင့် ပင်စင်လစာများ ထုတ်ပေးလျက်ရှိ

တာမွေ ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်(တာမွေဘဏ်ခွဲ)၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို ဘဏ်ဖွင့်ရက်များအတိုင်း ပင်စင်လစာများ နေ့စဉ်ထုတ်ပေးလျက်ရှိရာ ပင်စင်လစာထုတ်ယူသူများသောရက်များ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်စေရေး၊ လူစုလူဝေး မဖြစ်ပေါ်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးတို့အတွက် ကြိုတင်တိုကင်စနစ်ဖြင့် ပင်စင်လစာထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(တာမွေဘဏ်ခွဲ)မှ သိရသည်။

တာမွေမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မိုးနှင်းနွယ်က "ဒီနှစ် ဇူလိုင်လကနေစပြီး နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေ ပင်စင်လစာလာထုတ်တဲ့အခါမှာ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်စေဖို့ နောက်လအတွက် ပင်စင်ထုတ်မယ့် နေ့ရက်နဲ့အချိန်ကို တိုကင်ကြိုတင်ထုတ်ပေးလိုက်ပါတယ်။ အဓိကက နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ တန်းစီစရာမလိုဘဲ သက်သောင့်သက်သာနဲ့ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်စေဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ပေးတာပါ။ ဒီလမှာဆိုရင် ပြီးခဲ့တဲ့ လကတည်းက ကြိုတင်တိုကင်တွေ ထုတ်ပေးထားတဲ့အတွက် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေအနေနဲ့ ပင်စင်လစာထုတ်ယူတဲ့အခါမှာ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်တဲ့အပြင် အရင်လို လူစုလူဝေးဖြစ်ပေါ်တာလည်း မရှိတော့ပါဘူး။

"ဒီတာမွေဘဏ်ခွဲမှာ နိုင်ငံ့ဝန်ထမ်း အငြိမ်းစား ၁၈၀၀၀ ခန့်ကို ဘဏ်ဖွင့်ရက်တွေမှာ နေ့စဉ်ပင်စင်လစာတွေ ထုတ်ပေးလျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား အများစုကတော့ လတစ်လအတွက် ပင်စင်လစာ စတင်ထုတ်ပေးတဲ့ရက် ပထမနေ့နဲ့ ဒုတိယနေ့တွေမှာ လာရောက်ထုတ်ယူမှုများပြီး အဲဒီနေ့တွေဆို နိုင်ငံ့ဝန်ထမ်းအငြိမ်းစားဦးရေ ၁၅၀၀ နဲ့ ၁၆၀၀ ကြားလောက်ကို ပျမ်းမျှပုံမှန်ရှိပါတယ်။

"ဒီတာမွေဘဏ်ခွဲမှာ တာမွေမြို့နယ်အပြင် သဃ်္ဃန်းကျွန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ ရန်ကင်းမြို့နယ်တို့မှာ နေထိုင်တဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေကို ပင်စင်လစာ ထုတ်ပေးလျက်ရှိပြီး အသက်အရွယ်နဲ့ သွားရေးလာရေးအရ အဆင်မပြေတဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေကိုလည်း နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွေမှာ ပင်စင်လစာထုတ်ယူနိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ဆိုသည်။

အချို့သော သွားရေးလာရေး အဆင်မပြေသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် ကျန်းမာရေး မကောင်းမွန်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် ၎င်းတို့၏ လစဉ်ပင်စင်လစာများကို မြန်မာ့စီးပွားရေးဘဏ်ခွဲ(တာမွေဘဏ်ခွဲ)အပြင် မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း၊ အဆိုပါ ကိုယ်စားလှယ်ဖြင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားပင်စင်လစာ လာရောက်ထုတ်ယူသည့်ပုံစံတွင် သက်ဆိုင်ရာ ပြန်တမ်းဝင်အရာရှိတစ်ဦး(သို့မဟုတ်) သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးတစ်ဦး၏ ထောက်ခံချက်ပါရှိရမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်ဖြင့် ထုတ်ယူသည့် ပင်စင်လစာများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ဘဏ်ခွဲတာဝန်ရှိသူများက အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်စားလှယ်ဖြင့် ထုတ်ယူရန် အဆင်မပြေမှုရှိပါကလည်း အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးလျက်ရှိသလို နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ သဘောဆန္ဒအရ အွန်လိုင်းမှတစ်ဆင့် ATM၊ MMM၊ Citizen Pay စသည်တို့ဖြင့်လည်း နီးစပ်ရာနေရာများတွင် ပင်စင်လစာများကို လွယ်ကူချောမွေ့စွာ ထုတ်ယူနိုင်ကြောင်း၊ ထို့အပြင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် ၎င်းတို့၏ ငွေစုဘဏ်စာရင်းနှင့် Current Account စာရင်းများမှလည်း ၎င်းတို့အဆင်ပြေသည့်အချိန် ပင်စင်လစာများ အလွယ်တကူ ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်ကတော့ စာရင်းစစ်ရုံးကနေ အငြိမ်းစားယူထားတဲ့ ပင်စင်စားတစ်ယောက်ပါ။ ဒီမှာပင်စင်လာရောက်ထုတ်ယူတာ အစကတည်းက ယခုအချိန်အထိ အားလုံးအဆင်ပြေမှုရှိပါတယ်။ ဒါ့အပြင် တိုကင်လေးတွေကို ကြိုတင်ထုတ်ပေးပြီးတော့ တန်းစီစောင့်ဆိုင်းရတဲ့စနစ် ပျောက်ကွယ်သွားအောင် ဆောင်ရွက်ပေးတဲ့အတွက်လည်း ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ပင်စင်လာရောက်ထုတ်ယူသူ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတစ်ဦးဖြစ်သူ ဦးကျော်က ပြောသည်။

**နိုင်လင်းအောင်(တာမွေ)**

## အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြု အနီးကပ်သင်တန်းများနှင့်စာမေးပွဲရက်များ ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**

**ကြေညာချက်**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်ဒုတိယအသုတ်နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြုပထမနှစ် (၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)၊ ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများအတွက် အနီးကပ်သင်တန်းများနှင့် စာမေးပွဲများကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

**(၁) အဝေးသင် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| သင်တန်းနှစ် | - | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် |
| အထူးပြုဘာသာရပ်များ | - | အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ |
| အနီးကပ်သင်တန်းကာလ | - | (၁၂-၉-၂၀၂၂) ရက်မှ (၂၂-၉-၂၀၂၂) ရက်ထိ |
| စာမေးပွဲကာလ | - | (၂၆-၉-၂၀၂၂) ရက်မှ (၁-၁၀-၂၀၂၂) ရက်ထိ |

**(၂) အဝေးသင် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| သင်တန်းနှစ် | - | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် |
| အထူးပြုဘာသာရပ်များ | - | မြန်မာစာ၊သမိုင်း၊စီးပွားရေးပညာ၊စီးပွားစီမံပညာ |
| အနီးကပ်သင်တန်းကာလ | - | (၃-၁၀-၂၀၂၂) ရက်မှ (၁၅-၁၀-၂၀၂၂) ရက်ထိ |
| စာမေးပွဲကာလ | - | (၁၈-၁၀-၂၀၂၂) ရက်မှ (၂၅-၁၀-၂၀၂၂) ရက်ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# သံတမန်စကားး၏ နောက်ကွယ်မှ ရည်ရွယ်ချက်

ဇင်ငြိမ်း

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer သည် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အထူးကိုယ်စားလှယ်သည် ယင်းသို့တွေ့ဆုံဆွေးနွေးခဲ့မှုနှင့် ၎င်းဆွေးနွေးခဲ့သည့် အကြောင်းအရာများကို သတင်းထုတ်ပြန်ချက်အဖြစ် ဩဂုတ်လ ၁၇ ရက်နေ့က ကုလသမဂ္ဂ၊ မြန်မာအင်တာနက်စာမျက်နှာတွင် ဖော်ပြခဲ့ပါသည်။

အထူးကိုယ်စားလှယ်၏ ထိုသတင်းထုတ်ပြန်ချက်တွင် အမှန်တကယ်ဆွေးနွေးခဲ့မှုများနှင့် များစွာကွဲလွဲ၍ ထုတ်ပြန်ထားကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ဆွေးနွေးချက်မှတ်တမ်းကို ထုတ်ပြန်ခဲ့သည်ကို တွေ့ရပါသည်။

အမှန်တကယ်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ဖော်ပြထားသော ဆွေးနွေးချက်မှတ်တမ်းနှင့် အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်ပါ ဆွေးနွေးခဲ့ပါသည်ဆိုသည့်အချက်အချို့မှာ ကွဲလွဲလျက်ရှိပါသည်။

## ဒီမိုကရေစီနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

ထိုကွဲလွဲချက်များတွင် မဆွေးနွေးခဲ့သည့် အချက်အချို့နှင့် စကားရပ်များ ပါဝင်နေပြီး ပြည်တွင်း၊ ပြည်ပ အမြင်မှားနိုင်သည့်အချက်များ ဖြစ်ပါသည်။ အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်တွင် “ကျွန်မရဲ့ခရီးစဉ်က ကုလသမဂ္ဂရဲ့ စိုးရိမ်မှုကို အသိပေးပြောကြားဖို့နဲ့ ပြည်သူတွေ ဘေးဒုက္ခခံစားနေရတာတွေနဲ့ ပဋိပက္ခကို လျှော့ချဖို့ လိုအပ်နေတဲ့ ခိုင်မာအားကောင်းတဲ့ ဆောင်ရွက်ချက်တွေကို အဆိုပြုဖို့ဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ ထိတွေ့ဆက်ဆံမှုက မည်သည့်နည်းနဲ့မျှ တရားဝင်မှုကို ပေးဆောင်ခြင်းမဟုတ်ပါ။ မြန်မာပြည်သူပြည်သားတွေဟာ ဒီမိုကရေစီနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အကြောက်တရားကင်းမဲ့စွာနဲ့ ရရှိပိုင်ခွင့်ရှိပါတယ်။ ဒီလိုရရှိဖို့ဟာ အားလုံးပါဝင်နိုင်တဲ့ လုပ်ငန်းစဉ်တစ်ခုမှာ သက်ဆိုင်ရာပါဝင်သူအားလုံးရဲ့ ကောင်းမွန်တဲ့စိတ်ဆန္ဒနဲ့ ကြိုးပမ်းဆောင်ရွက်မှုရှိမှသာ ဖြစ်နိုင်မှာပါ”ဟု ဖော်ပြထားပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့၏ ဆွေးနွေးမှုမှတ်တမ်းတင်တွင် အထူးကိုယ်စားလှယ်ပြောကြားသည်မှာ **“ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres သည် ကုလသမဂ္ဂပဋိညာဉ်ကို ကာကွယ်စောင့်ရှောက်နေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ ကုလသမဂ္ဂပဋိညာဉ်တွင် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တိကျစွာ ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား အမြဲတမ်းဖော်ပြလျက်ရှိသည်ကို မိမိအနေဖြင့် သတိပြုမိပါသည်။ ကမ္ဘာပေါ်တွင် နောက်ထပ်ဖြစ်ပေါ်လာမည့် ပဋိပက္ခဖြစ်ပွားမှုများနှင့် အကြမ်းဖက်မှုများကို တားဆီးနိုင်ရန်ရည်ရွယ်၍ ကုလသမဂ္ဂအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ အဓိကအရေးကြီးဆုံးအချက်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်က အမြဲတမ်းထုတ်ဖော်ပြောကြားလျက်ရှိသည့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုဟူသောအချက်နှင့်ပတ်သက်၍လည်း ကုလသမဂ္ဂအနေဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အမြဲတမ်းအသိအမှတ်ပြု လေးစားလျက်ရှိပါသည်။”** ဟု ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ **“ကုလသမဂ္ဂရဲ့ထိတွေ့ဆက်ဆံမှုက မည်သည့်နည်းနဲ့မျှ တရားဝင်မှုကို ပေးဆောင်ခြင်းမဟုတ်ပါ”** ဟူသည့် ဆွေးနွေးချက်မပါဝင်သည်ကို တွေ့ရပါသည်။

## သဘောထားကွဲလွဲသည့်အချက်များ

ဆွေးနွေးမှုတွင် ပြောကြားချက်နှင့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြချက်ကွဲလွဲနေသည်မှာ အံ့ဩဖွယ်ဖြစ်ပါသည်။ ယင်းသို့ကွဲလွဲမှုမှာ သာမန်လွဲမှားမှုမျိုးမဟုတ်ဘဲ သတင်းထုတ်ပြန်သည့်အချိန်မှ ရည်ရွယ်ချက်ရှိရှိ ထည့်သွင်းခြင်းဖြစ်ပါသည်။ သတင်းထုတ်ပြန်ချက်တွင် အမှန်တကယ်ဆွေးနွေးခဲ့သည်များနှင့် သဘောတူခဲ့သည့်အချက်များ၊ သဘောထားကွဲလွဲသည့်အချက်များကိုသာ ဖော်ပြသင့်သော်လည်း ဆွေးနွေးမှုနှင့် ကွဲလွဲစွာဖော်ပြခြင်းသည် မရိုးသားသည့်သဘောဆောင်နေပါသည်။

ဘင်္ဂါလီဒုက္ခသည်များနှင့်ပတ်သက်၍ ဆွေးနွေးရာတွင်လည်း ရိုဟင်ဂျာဟု သုံးနှုန်းခဲ့ခြင်းမရှိဘဲ သတင်းထုတ်ပြန်ချက်တွင်မူ မြန်မာနိုင်ငံမှလက်မခံသော ရိုဟင်ဂျာဟူသည့် အခေါ်အဝေါ်ကို သုံးနှုန်းထားပါသည်။ ထို့အပြင် ဩစတြေးလျစီးပွားရေးပညာရှင် Mr. Sean Turnell နှင့်ပတ်သက်၍လည်း ကုလသမဂ္ဂအထူးကိုယ်စားလှယ်က “မြန်မာနိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားသည့် ဩစတြေးလျစီးပွားရေးပညာရှင် Mr. Sean Turnell ကို ပြန်လွှတ်ပေးမည်ဆိုလျှင် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုကိုဖော်ဆွန်းပြသနိုင်သည့် အခြေအနေတစ်ခုဖြစ်ပေါ်လာမည်ဖြစ်ပါသည်။”ဟု ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ ဩစတြေးလျ စီးပွားရေးပညာရှင် Mr. Sean Turnell ၏အရေးသည် ဩစတြေးလျနိုင်ငံ၏အရေးဖြစ်ပါသည်။ ကုလသမဂ္ဂက မည်သည့်အတွက် ရှေ့နေလိုက်ပေးသည်ကို စဉ်းစားမရပါ။

သို့ဖြစ်ရာ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer အနေဖြင့် ပထမဆုံးအကြိမ် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။ ဆက်လက်၍လည်း ထိတွေ့ဆက်ဆံမှုပြုရန် လက်ခံထားကြပြီး ဖြစ်ပါသည်။ တစ်ဖက်နှင့်တစ်ဖက် အပြုသဘောဆက်ဆံမှု၊ အပြုသဘော တိုးတက်မှုလိုလားပြီး စိတ်ရင်းမှန်ပါက အပြောနှင့်အလုပ်ညီရန် လိုအပ်ပါသည်။ ထိုသို့မဟုတ်ပါက နှစ်ဦးနှစ်ဖက်အကြား ယုံကြည်မှုလျော့နည်းလာနိုင်ပါသည်။

အထူးကိုယ်စားလှယ်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ်က မပြောကြားခဲ့သည့်စကားများ၊ အဓိပ္ပာယ်ကွဲလွဲသော စကားများကို သတင်းထုတ်ပြန်သည့်အခါ ထည့်သွင်းဖော်ပြလာခြင်းသည် မတော်တဆမှားယွင်းမှုမဖြစ်နိုင်ပါ။ ဆွေးနွေးပွဲမှတ်တမ်းနှင့် အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်ပါ ပြောကြားချက်များ မည်သည့်အတွက် ကွဲလွဲနေသနည်း။ အထူးကိုယ်စားလှယ်သည် ဆွေးနွေးပွဲတွင် သံတမန်ပရိယာယ်အရ

> **ယနေ့ဆိုလျှင် ကုလသမဂ္ဂအားမျက်ကွယ်ပြု၍ အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် ပေါ်ပေါ်ထင်ထင် လွှမ်းမိုးခြင်း၊ ဝင်ရောက်တိုက်ခိုက်ခြင်းများ ပြုလုပ်နေကြပြီး ကုလသမဂ္ဂကိုပင် လွှမ်းမိုးကြိုးကိုင်နေကြပါသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် အဖျက်စွမ်းအားကြီးလက်နက်များကို ပိုင်ဆိုင်ထားကြသည်ဖြစ်ရာ ကုလသမဂ္ဂအနေဖြင့် တည့်မတ်မှန်ကန်စွာ ညှိနှိုင်းမဖြေရှင်းပေးနိုင်ပါက အင်အားကြီးနိုင်ငံများအကြား တစ်နေ့တခြားပြင်းထန်လာသော ပြိုင်ဆိုင်မှုများသည် အန္တရာယ်ကို ဖိတ်ခေါ်နေသည်နှင့်တူပါသည်။ သို့သော် ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်သည့် ကုလသမဂ္ဂသည် ထိုပြိုင်ဆိုင်မှုများအပေါ် ထိရောက်စွာ ညှိနှိုင်းမဖြေရှင်းနိုင်သည့်အပြင် ထိုနိုင်ငံကြီးများအလိုကျ နိုင်ငံငယ်များအပေါ် မလျော်ဩဇာသုံးနေခြင်းမှာ အံ့ဩဖွယ်ဖြစ်**

စကားလှအောင်ပြောကြားခဲ့ခြင်းဖြစ်ပြီး သတင်းထုတ်ပြန်သည့်အခါ ကုလသမဂ္ဂ၏လိုလားချက်အမှန်ကို ဖော်ပြလာခြင်းဟု ဆိုရပါမည်။ ကုလသမဂ္ဂပဋိညာဉ်ကို ထိန်းသိမ်းလိုက်နာနေသည်ဆိုသည့် ကုလသမဂ္ဂအဖွဲ့ကိုယ်တိုင်သည် မှန်မှန်ကန်ကန်ရပ်တည်၍ ပဋိပက္ခငြိမ်းချမ်းရေးကို ဦးတည်ရမည့်အစား ဘက်လိုက်၍ ပဋိပက္ခပိုမိုကြီးထွားရေးနှင့် မတည်ငြိမ်ရေး အပြောနှင့်အလုပ် မညီစွာ လုပ်ဆောင်နေသည့်သဘောဖြစ်နေပါသည်။ သို့ဖြစ်၍လည်း ကမ္ဘာကြီးတွင် ပဋိပက္ခနှင့် တင်းမာမှုများ မြင့်တက်လာနေပါသည်။

## ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်

ယနေ့ ကမ္ဘာတွင်ဖြစ်နေသည့် ပဋိပက္ခများတွင်လည်း ကုလသမဂ္ဂသည် အမေရိကန်နိုင်ငံနှင့် OIC တို့ကဲ့သို့ ငွေကြေးထောက်ပံ့သည့်အဖွဲ့တို့၏ ကြိုးဆွဲရာဖြစ်လာနေပါသည်။ အမေရိကန်နိုင်ငံက အီရတ်နိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ရာတွင် ကုလသမဂ္ဂအနေဖြင့် မည်သို့မျှ ဝင်ရောက်မဖြေရှင်းနိုင်ခဲ့ချေ။ ထို့အတူ အာဖဂန်နစ္စတန်နိုင်ငံအား အမေရိကန်နိုင်ငံက ဝင်ရောက်တိုက်ခိုက်ချိန်တွင်လည်း ကုလသမဂ္ဂက မည်သို့မျှမတားဆီးနိုင်ခဲ့ပါ။ ယခုဖြစ်ပွားနေသည့် ရုရှား-ယူကရိန်းစစ်ပွဲတွင်လည်း ကုလသမဂ္ဂ မည်သို့မျှ မဖြေရှင်းပေးနိုင်ခဲ့ပါ။ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးလုပ်ဆောင်ရာတွင် အားနည်းချက်များရှိနေသည့်သဘောဖြစ်ပါသည်။ စစ်ပွဲများမဖြစ်ပွားစေရန် တားဆီးရမည့်အစား စစ်ပွဲများဖြစ်လာမှ လူသားချင်းစာနာမှု ထောက်ပံ့ကူညီရေး လုပ်ဆောင်နေသည့် ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်မှာ အနာတခြား ဆေးတခြား ဖြစ်နေပါသည်။

စစ်ဘေးကြောင့်ဖြစ်သော လူသားချင်းစာနာထောက်ပံ့ရေးလုပ်ဆောင်ရမည်မှာ မှန်သော်လည်း စစ်မက်ဖြစ်ပွားပြီးမှ လုပ်ဆောင်ခြင်းထက် စစ်မက်မဖြစ်ပွားစေရန် ဦးစွာကြိုးပမ်းသင့်ပါသည်။ သို့သော် ယခုမူ ကုလသမဂ္ဂကိုယ်တိုင် ပဋိပက္ခများအဆုံးသတ်နိုင်ရေး ကြိုးပမ်းမှုထက် ပဋိပက္ခများပိုမိုကြီးထွားစေမည့် လုပ်ဆောင်မှုများနှင့် စစ်မက်အရှိန်မြှင့်တင်ရေးကို ဦးတည်စေသော လုပ်ဆောင်မှုများတွင် ပါဝင်နေသည်ကို တွေ့မြင်ရပါသည်။ ထိုသို့ ကုလသမဂ္ဂ၏ မူလရည်မှန်းချက်ကို လွဲချော်စေသည့် လုပ်ဆောင်ချက်များကြောင့် အင်အားကြီးနိုင်ငံတစ်နိုင်ငံက နျူကလီးယားလက်နက်များ သုံးလာမည်ဆိုပါက ကုလသမဂ္ဂ၏ ထိန်းသိမ်းဆောင်ရွက်နိုင်မှုအပေါ် သံသယဝင်စရာ ဖြစ်နေပါသည်။

## နိုင်ငံတကာ၏ယုံကြည်မှုများ

မြန်မာ့အရေးတွင်လည်း ကုလသမဂ္ဂအနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဒီမိုကရေစီအရေး၊ လူသားချင်းစာနာမှုဟုဆိုနေသော်လည်း တစ်ဖက်တွင် နောက်ကွယ်မှကြိုးဆွဲနေသည့် အင်အားကြီးနိုင်ငံများအလိုကျ ပြည်တွင်းစစ်မီး ပိုမိုတောက်လောင်လာစေရန် လုပ်ဆောင်နေပါသည်။ ထိုလုပ်ဆောင်ချက်များသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် ကွဲလွဲဆန့်ကျင်နေပါသည်။ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်တစ်ယောက်သည်ပင် သံတမန်ကျင့်ဝတ်နှင့်မညီဘဲ ပြောဆိုလုပ်ဆောင်နေလျှင် ကုလသမဂ္ဂအပေါ် နိုင်ငံတကာ၏ယုံကြည်မှုများ ပိုမိုကျဆင်းလာမည်ဖြစ်သည်။

> **မြန်မာ့အရေးတွင်လည်း ကုလသမဂ္ဂအနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဒီမိုကရေစီအရေး၊ လူသားချင်းစာနာမှုဟု ဆိုနေသော်လည်း တစ်ဖက်တွင် နောက်ကွယ်မှကြိုးဆွဲနေသည့် အင်အားကြီးနိုင်ငံများအလိုကျ ပြည်တွင်းစစ်မီး ပိုမိုတောက်လောင်လာစေရန် လုပ်ဆောင်နေပါသည်။ ထိုလုပ်ဆောင်ချက်များသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် ကွဲလွဲဆန့်ကျင်နေပါသည်။ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်တစ်ယောက်သည်ပင် သံတမန်ကျင့်ဝတ်နှင့် မညီဘဲ ပြောဆိုလုပ်ဆောင်နေလျှင် ကုလသမဂ္ဂအပေါ် နိုင်ငံတကာ၏ယုံကြည်မှုများ ပိုမိုကျဆင်းလာမည်**

ကုလသမဂ္ဂအနေဖြင့် ပထမကမ္ဘာစစ်ကြီးနောက်ပိုင်း ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် ဖွဲ့စည်းခဲ့သော နိုင်ငံပေါင်းချုပ်အသင်းကြီးကို သင်ခန်းစာယူသင့်ပါသည်။ ပထမကမ္ဘာစစ်ပြီးနောက် ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရန် ဖွဲ့စည်းထားသော နိုင်ငံပေါင်းချုပ်အသင်းကြီးအား အင်အားကြီးနိုင်ငံများက လွှမ်းမိုးလာပြီးနောက် အသင်းကြီး၏ရည်ရွယ်ချက်မအောင်မြင်ခဲ့ဘဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခဲ့ရသည်မှာ ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုအတွက် ခါးသီးသောအတွေ့အကြုံဖြစ်ပါသည်။

ယနေ့ဆိုလျှင် ကုလသမဂ္ဂအားမျက်ကွယ်ပြု၍ အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် ပေါ်ပေါ်ထင်ထင် လွှမ်းမိုးခြင်း၊ ဝင်ရောက်တိုက်ခိုက်ခြင်းများ

စာမျက်နှာ ၉ သို့

# အဂတိလိုက်စားမှု၊ အဂတိလိုက်စားမှုနှင့်သက်ဆိုင်သည့်ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ဘဏ္ဍာ မြန်မာငွေကျပ်သန်းပေါင်း ၂၅၉၆၇၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၂၆၇၄၆ ဒေါ်လာ နစ်နာဆုံးရှုံး

နေပြည်တော် ဩဂုတ် ၂၃

မြန်မာနိုင်ငံသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းကာ လာဘ်ပေးလာဘ်ယူမှုများကိုသာမက နိုင်ငံတော်ဆုံးရှုံးနစ်နာမှုများကို အရေးယူနိုင်ရန် ၂၀၁၈ ခုနှစ်၊ ဇွန် ၂၁ ရက်တွင် စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ၌ **“မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း”** ဟု ဖြည့်စွက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကာ နစ်နာဆုံးရှုံးစေခြင်းများ ဖြစ်ပေါ်ပါက ပုဒ်မ ၃(က)(၂) ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

ပြီးခဲ့သည့်အစိုးရလက်ထက်တွင် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ကျော်ဇောသတင်းများ ရှိခဲ့သော်လည်း စိစစ်ဖော်ထုတ်အရေးယူမှု အားနည်းခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံတော်နစ်နာဆုံးရှုံးမှုဖြင့် တရားစွဲဆို ဆောင်ရွက်ခဲ့သည့် အမှုသုံးမှုသာရှိခဲ့ပြီး မြန်မာငွေကျပ် သန်း ၂၀ နှင့် ယူရိုငွေ ၂၅၅၉၃၀ ဒသမ ၆၉ နစ်နာဆုံးရှုံးခဲ့မှုကိုသာ ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ရယူပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ အဂတိလိုက်စားခဲ့မှုများကို တိုင်တန်းမှုများအရ စိစစ်ဖော်ထုတ်ပြီး တရားစွဲတင်ပို့ခဲ့သည့် ရာဇဝတ်ကြီးမှု ၁၈၆ မှုနှင့် ရာဇဝတ်အထွေထွေမှု ၄၅ မှု ရှိသည့်အနက် ယခင်ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူများ၊ လုပ်ပိုင်ခွင့်ရှိသူများသည် အဂတိလိုက်စားမှုတွင် အကျုံးဝင်သည့် အစိုးရစီမံကိန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိခြင်း၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ အမိန့်ညွှန်ကြားချက်များကို မလိုက်နာခြင်း၊ မိမိကိုယ်ကျိုးစီးပွားရှာခြင်း၊ နိုင်ငံတော်၏ မြေယာပိုင်ဆိုင်မှုများကို အလွဲသုံးစားပြုလုပ်ခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာ နစ်နာဆုံးရှုံးစေခဲ့သည့်အမှု ၁၀၈ မှုရှိကာ နိုင်ငံတော်အနေဖြင့် မြန်မာငွေကျပ်သန်းပေါင်း၂၅၉၆၇၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၂၆၇၄၆ ဒေါ်လာတို့ကို နစ်နာဆုံးရှုံးခဲ့သည်။

နိုင်ငံတော်ဘဏ္ဍာ နစ်နာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာများလေလွင့်ဆုံးရှုံးခြင်း၊ အများပြည်သူအကျိုးစီးပွားအတွက် ဘဏ္ဍာငွေခွဲဝေချထားရာတွင် ထိရောက်မှန်ကန်မှုမရှိခြင်း၊ သဘာဝသယံဇာတများ လေလွင့်ဆုံးရှုံးခြင်း၊ မြေယာများ ဖော်ထုတ်စီမံခန့်ခွဲရာတွင် ထိရောက်အကျိုးရှိစွာ အသုံးမပြုနိုင်ခြင်း၊ ပြည်သူများရသင့်သော အခြေခံအခွင့်အရေးများ နစ်နာဆုံးရှုံးခြင်း၊ ဒေသတွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား အဟန့်အတားဖြစ်စေခြင်းတို့ကြောင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အဘက်ဘက်မှ ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အမိန့်များစာအုပ် ထုတ်ဝေ

နေပြည်တော် ဩဂုတ် ၂၃

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သော အမိန့်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နှစ်စဉ်ထုတ်ပြန်လျက်ရှိသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုစုစည်း၍ နှစ်အလိုက်နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်များစာအုပ်ကိုထုတ်ဝေခဲ့ရာ ယခုအခါ ၂၀၂၁ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်များစာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

“၂၀၂၁ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အမိန့်များ” စာအုပ်သည် ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့သော အမိန့်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုစုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် နည်းဥပဒေရှစ်ခု၊ လုပ်ထုံးလုပ်နည်းခြောက်ခုနှင့် အမိန့်ပေါင်း ၁၈၉ ခု ပါဝင်သည်။

အဆိုပါ “၂၀၂၁ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အမိန့်များ” စာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် လိုအပ်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက Myanmar Laws (2019) စာအုပ် ထုတ်ဝေ

နေပြည်တော် ဩဂုတ် ၂၃

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ဘာသာပြန်ဆို၍ နှစ်အလိုက် Myanmar Laws စာအုပ်များ ထုတ်ဝေလျက်ရှိပြီး ယခုအခါ Myanmar Laws (2019) စာအုပ်ကို ထုတ်ဝေပြီးဖြစ်ပါသည်။

Myanmar Laws (2019) စာအုပ်သည် ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သောဥပဒေများကို စုစည်းဘာသာပြန်ဆို၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသော ဥပဒေပေါင်း ၄၀ ပါဝင်သည်။

အဆိုပါ Myanmar Laws (2019) စာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့်စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် လိုအပ်သောစာအုပ်ကောင်းတစ်အုပ် ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဥပဒေစာအုပ် ထုတ်ဝေ

နေပြည်တော် ဩဂုတ် ၂၃

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ပြဋ္ဌာန်းခဲ့သော ဥပဒေများကိုစုစည်း၍ နှစ်အလိုက် ဥပဒေစာအုပ်များထုတ်ဝေခဲ့ပြီး ယခုအခါ ၂၀၂၁ ခုနှစ် ဥပဒေများစာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဥပဒေများစာအုပ်သည် ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သောဥပဒေများကိုစုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် ဥပဒေပေါင်း ၆၃ ခု ပါဝင်သည်။

အဆိုပါ ၂၀၂၁ ခုနှစ် ဥပဒေများစာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် လိုအပ်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

● စာမျက်နှာ ၆ မှ

**ပြုလုပ်နေကြပြီး ကုလသမဂ္ဂကိုပင် လွှမ်းမိုးကြိုးကိုင်နေကြပါသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် အဖျက်စွမ်းအားကြီးလက်နက်များကို ပိုင်ဆိုင်ထားကြသည်ဖြစ်ရာ ကုလသမဂ္ဂအနေဖြင့် တည့်မတ်မှန်ကန်စွာ ညှိနှိုင်းမဖြေရှင်းပေးနိုင်ပါက အင်အားကြီးနိုင်ငံများအကြား တစ်နေ့တခြားပြင်းထန်လာသော ပြိုင်ဆိုင်မှုများသည် အန္တရာယ်ကို ဖိတ်ခေါ်နေသည်နှင့်တူပါသည်။ သို့သော် ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်သည့် ကုလသမဂ္ဂသည် ထိုပြိုင်ဆိုင်မှုများအပေါ် ထိရောက်စွာညှိနှိုင်းမဖြေရှင်းနိုင်သည့်အပြင် ထိုနိုင်ငံကြီးများအလိုကျ နိုင်ငံငယ်များအပေါ် မလျော်ဩဇာသုံးနေခြင်းမှာ အံ့ဩဖွယ်ဖြစ်သည်။**

ကျူးဘားအရေးအခင်းတွင် အင်အားကြီးနှစ်နိုင်ငံအကြား ပြင်းထန်သော ထိပ်တိုက်ရင်ဆိုင်မှုကို ကုလသမဂ္ဂက ဝင်ရောက်စေ့စပ်ညှိနှိုင်းပေးခဲ့သည့်သာဓကကို အတုယူသင့်ပါသည်။ သို့သော် ယနေ့တွင် ကုလသမဂ္ဂအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြားဖြစ်ပွားနေသည့် ပဋိပက္ခများတွင် ထိရောက်စွာ စေ့စပ်ညှိနှိုင်းပေးနိုင်ရဲ့လားဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်ပါသည်။

ယင်းမှာ **ကုလသမဂ္ဂအဖွဲ့ကြီး၏ အနာဂတ်ရပ်တည်ချက်အတွက် စိုးရိမ်ဖွယ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းသည် ပြည်တွင်းရေးဖြစ်သော်လည်း နောက်ကွယ်တွင် မြန်မာ့နိုင်ငံရေးကို လွှမ်းမိုးရန်ကြိုးပမ်းနေသည့် အင်အားကြီးနိုင်ငံများနှင့် အဖွဲ့အစည်းများရှိနေသည်ကို အားလုံးအသိဖြစ်ပါသည်။ ကုလသမဂ္ဂအနေဖြင့်လည်း မြန်မာ့နိုင်ငံရေးအကျပ်အတည်းပြေလည်ရေးကို လိုလားပါက သမာသမတ်ကျစွာ စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရန် လိုအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ ဘက်လိုက်လုပ်ဆောင်ခြင်းဖြစ်ပါက ကုလသမဂ္ဂကိုယ်တိုင်က မီးလောင်ရာလေပင့်သကဲ့သို့ ဖြစ်နေပါသည်။**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် တစ်ယောက်အနေဖြင့်လည်း သံတမန်ကျင့်ဝတ်နှင့်ညီရန် လိုအပ်ပါသည်။ သို့မှသာ မိတ်ဝတ်မပျက် ရေရှည်ဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ သံတမန်စကားတစ်မျိုး၊ နောက်ကွယ်မှ ရည်ရွယ်ချက်တစ်မျိုးဆိုပါက ကိုယ်စားပြုစေလွှတ်သော ကုလသမဂ္ဂလည်း သိက္ခာကျမည်ဖြစ်သကဲ့သို့ ရည်ရွယ်ချက်လည်း မအောင်မြင်နိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ ။

**ကိုးကား**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ချက်။ https://myanmar.gov.mm/news-media/news/latest-news/-/asset_publisher/ idasset354/content/ %25E1%2580%2594%25E1%2580%25AD%25E1%2580%25AF%25E1%2580%2584%25E1%2580%25BA%25E1%2580%2584%25E1%2580%25B6%25E2%2580%258C%25E1%2580%2590%25E1%2580%25B1%25E1%2580%25AC%25E1%2580%25BA%25E1%2580%2585%25E1%2580%25AE%25E1%2580%2599%25E1%2580%25B6%25E1%25-4

၂။ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်။ https://myanmar.un.org/my/195256-miidiiyaathuttpnkhk-nepnnytteaan-pulupsnny-pthmakima-cnnyawettng

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့၏ နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲ

ဝင်းထွန်း

တပ်မတော်သားဆိုသည်မှာ ပြည်သူများမှ မွေးဖွားလာသော ပြည်သူတို့၏ သားသမီးများသာ ဖြစ်သည်။ သားသမီးတို့အောင်မြင်မှုကို မိဘတိုင်းက ဝမ်းသာကြည်နူးကြသည်။ မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ ပထမဆုကို ထိုက်ထိုက်တန်တန်ရရှိ ဟူသော သတင်းတစ်ရပ်သည် ပြည်သူတို့၏ရင်ကို အေးမြဝမ်းသာစေခဲ့သည်။ ထို့အတူ တပ်မတော် သားအားလုံးတို့ဝမ်းသာကြသည်။ တပ်မတော်သား ဆိုသည်မှာ တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညီညွတ်ညွတ် နေထိုင်ကြရသူများဖြစ်သည့် အတွက် ဝမ်းသာစရာရှိလျှင်လည်း အတူတူ ဝမ်းသာကြသည်။ ဝမ်းနည်းစရာရှိလာလျှင်လည်း အတူတူ ဝမ်းနည်းကြသည်။ တင့်တပ်ဖွဲ့၏ ပထမဆုရရှိသည့် သတင်းမှာ ရာနှုန်းပြည့် ဝမ်းသာဖွယ်သတင်းကောင်း ဖြစ်ပေသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဩဂုတ် ၁၅ ရက်မှစတင်၍ ကျင်းပပြုလုပ်လျက်ရှိသော International Army Games–2022 ပြိုင်ပွဲတွင် ပါဝင်သော တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Tank Crews Competition) Division–2 သို့ မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို ထိုက်တန်စွာရယူနိုင်ခဲ့သည်။ ထိုသတင်းကို မြဝတီရုပ်မြင်သံကြားသတင်းတွင် ပြည့်ပြည့်စုံစုံ ပြသခဲ့သည်။ မြန်မာ့တင့်ကားတပ်ဖွဲ့ဝင်တို့ ခက်ခက်ခဲခဲ ဖြတ်ကျော်မောင်းနှင်နေသည်ကို တွေ့မြင်ကြရသည်။ နိုင်ငံနှင့် လူမျိုးကို ချစ်သူတိုင်းက ထိုသတင်းကို ဩဘာလက်ခုပ်ပေးကြသည်။ တပ်မတော်၏ စွမ်းရည်ကို မိမိတို့ မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရခြင်းဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းကိုသီဆိုပြီး နိုင်ငံတော်အလံကို အလေးပြုသည့် မြင်ကွင်းကို တွေ့မြင်ရသည်မှာ ကြက်သီးမွေးညင်းထလောက်အောင် ရင်ထဲမှာ ခံစားရသည်။ မည်သည့်အရာနှင့်မျှ မလဲနိုင်သော ဝမ်းသာပီတိဖြစ်ပေသည်။

မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့အနေဖြင့် (Tank Crews Competition) Division –2 ၌ ဆီးရီးယား၊ လာအို၊ အီရန်၊ တာဂျစ်ကစ္စတန်၊ တောင်အာဆက်တီးယား၊ အာခ့်ဇီယာ၊ ဆူဒန်၊ ဇင်ဘာဘွေ၊ အာမေးနီးယားနှင့် မာလီနိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များနှင့် အတူ မိုင်ကုန်မောင်းနှင်၍ စံချိန်ယူခြင်း၊ ၁၂၅ မီလီမီတာ အမြောက်အား ရပ်လျက် ကျည်သုံးတောင့်ပစ်ခတ်ခြင်း၊ ၁၂ ဒသမ ၇ မီလီမီတာ လေယာဉ်ပစ်စက်သေနတ်ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်း၊ ၇ ဒသမ ၆၂ မီလီမီတာ ယှဉ်တွဲစက်သေနတ်ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့




Crew–1 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၂၇ မိနစ် ၄၃ စက္ကန့်ဖြင့် လည်းကောင်း၊ Crew–2 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၈ မိနစ် ၁၄ စက္ကန့်ဖြင့်လည်းကောင်း၊ Crew–3 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၀ မိနစ် ၂၈ စက္ကန့် ဖြင့်လည်းကောင်း စုစုပေါင်းပြိုင်ပွဲဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့်ရရှိခဲ့ပြီး စုစုပေါင်းပစ်မှတ် ၁၅ ခုတွင် ၁၄ ခုကို ထိမှန်ခဲ့ကာ ပြိုင်ပွဲဝင် ၁၁ သင်း ယှဉ်ပြိုင်ခဲ့ရာတွင် ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲ၏ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Tank Biathlon) ကို ယခုနှစ် အပါအဝင် (၅)ကြိမ်မြောက်ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ် ပြိုင်ပွဲဝင် ၂၂ သင်းအနက် အဆင့် (၁၆)၊ ၂၀၁၉ ခုနှစ်တွင် Division–2 ၌ ပြိုင်ပွဲဝင် ၁၁ သင်းအနက် အဆင့် (၅)၊ ၂၀၂၀ ပြည့်နှစ်တွင် Division–2 ၌ ပြိုင်ပွဲဝင် ရှစ်သင်းအနက် အဆင့် (၄)၊ ၂၀၂၁ ခုနှစ်တွင် Division–2 ၌ ပြိုင်ပွဲဝင် ရှစ်သင်းအနက် တတိယအဆင့် စသည်ဖြင့် ရပ်တည်နိုင်ခဲ့သည်။ နိုင်ငံတကာ စစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၃၄ မျိုးတွင် နိုင်ငံပေါင်း ၃၅ နိုင်ငံမှ တပ်မတော်သားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

မိမိတို့ ယှဉ်ပြိုင်ခဲ့သည့် Division–2 တွင် T–72 ပင်မတိုက်ပွဲဝင်တင့်ဖြင့် စစ်မြေပြင်တွင် လက်တွေ့အသုံးပြုတိုက်ပွဲဝင်ခဲ့ကြသည့် ဆီးရီးယားနှင့် အာမေးနီးယားကဲ့သို့ အသင်းကောင်းများ ပါဝင်ခဲ့ကြသလို ယခင်နှစ်ပြိုင်ပွဲများတွင် Division–1 ၌ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ဖူးသည့် အီရန်ကဲ့သို့ အသင်းကောင်းများ ပါဝင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည် ဖြစ်ပါသည်။ မြန်မာ့တပ်မတော် တင့်ကားမောင်းနှင် ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် ထိုသို့သော အသင်းကောင်းများနှင့် ယှဉ်ပြိုင်ရင်ဆိုင်နိုင်ရေး အတွက် ပြိုင်ပွဲမဝင်မီ ရက်သတ္တပတ်ပေါင်းများစွာကပင် မန္တလေးတိုင်း မြစ်သားမြို့နယ် မိုင်းမော ဒေသရှိ သံချပ်ကာယန္တရားသင်တန်းကျောင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပြိုင်ပွဲဝင်မည့်ပုံစံအတိုင်း သဏ္ဍာန်တူ လေ့ကျင့်ရေးကွင်းဖောက်လုပ်ကာ နေ့စဉ် အရှိန်အဟုန်မပြတ် ကြိုတင်လေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ရပါသည်။

ယခုနှစ်ပြိုင်ပွဲ၏ ထူးခြားချက်အနေဖြင့် စည်းမျဉ်းစည်းကမ်းများမှာ ယခင်နှစ်နှင့်မတူတော့ဘဲ အနည်းငယ်ပြောင်းလဲမှုများရှိခဲ့ရာ ပြိုင်ပွဲဝင် အသင်းများအတွက် စိန်ခေါ်မှုမှာ ပိုမိုမြင့်မားလာခဲ့ပါသည်။ Individual Race ဟုခေါ်သည့် တိုက်ယာဉ်အဖွဲ့တစ်ဖွဲ့ချင်း ယှဉ်ပြိုင်မောင်းနှင်မှုတွင် တင့်များရှိ လေယာဉ်ပစ်စက်သေနတ်နှင့် ယှဉ်တွဲပါစက်သေနတ်များကို တင့်၌ ကြိုတင်တပ်ဆင်ပေးထားခြင်းမရှိတော့ဘဲ သတ်မှတ်နေရာသို့ ရောက်ရှိမှသာ တင့်ကိုရပ်ပြီး စက်သေနတ်များကို တပ်ဆင်ပစ်ခတ်ရခြင်း ဖြစ်ပါသည်။ ထို့အပြင် ပစ်ခတ်စဉ်များ၌ တင့်ပစ်မှတ်တစ်ခုလွဲချော်ပါက ကွင်းပိုပတ်ခြင်း ပြစ်ဒဏ်အား ယခင်က တစ်ပတ်သာမောင်းနှင်ရသည့်အနေအထားမှ ယခုနှစ်တွင် နှစ်ပတ်မောင်းနှင်ရခြင်းဖြစ်ပါသည်။

> **ယခုနှစ်ပြိုင်ပွဲ၏ ထူးခြားချက်အနေဖြင့် စည်းမျဉ်းစည်းကမ်းများမှာ ယခင်နှစ်နှင့် မတူတော့ဘဲ အနည်းငယ်ပြောင်းလဲမှုများရှိခဲ့ရာ ပြိုင်ပွဲဝင်အသင်းများအတွက် စိန်ခေါ်မှုမှာ ပိုမိုမြင့်မားလာခဲ့ပါသည်။ Individual Race ဟုခေါ်သည့် တိုက်ယာဉ်အဖွဲ့တစ်ဖွဲ့ချင်း ယှဉ်ပြိုင်မောင်းနှင်မှုတွင် တင့်များရှိ လေယာဉ်ပစ်စက်သေနတ်နှင့် ယှဉ်တွဲပါစက်သေနတ်များကို တင့်၌ ကြိုတင်တပ်ဆင်ပေးထားခြင်းမရှိတော့ဘဲ သတ်မှတ်နေရာသို့ ရောက်ရှိမှသာ တင့်ကိုရပ်ပြီး စက်သေနတ်များကို တပ်ဆင်ပစ်ခတ်ရခြင်းဖြစ်ပါသည်။ ထို့အပြင် ပစ်ခတ်စဉ်များ၌ တင့်ပစ်မှတ်တစ်ခုလွဲချော်ပါက ကွင်းပိုပတ်ခြင်းပြစ်ဒဏ်အား ယခင်က တစ်ပတ်သာမောင်းနှင်ရသည့်အနေအထားမှ ယခုနှစ်တွင် နှစ်ပတ်မောင်းနှင်ရခြင်းဖြစ်**

အသင်း၏ ဖွဲ့စည်းပုံကိုလည်း အနည်းငယ် ပြောင်းလဲထားပြီး ပြိုင်ပွဲဝင်အသင်းအနေဖြင့် ဒိုင်ချုပ်၏ သတိပေးမှု သုံးကြိမ်နှင့်အထက်ခံရပြီဆိုပါက ပြိုင်ပွဲမှ နုတ်ထွက် (Disqualify) ရမည်ဖြစ်သည်။ ဒိုင်ချုပ်၏ သတိပေးမှုသည် ပြိုင်ပွဲအတွင်းတွင်သာမကဘဲ အခြားအချိန်များတွင်လည်း ဖြစ်နိုင်သဖြင့် အသင်းတစ်သင်းကောင်းရန်မှာ ပြိုင်ပွဲတွင် ဝင်ရောက်မောင်းနှင်ခြင်းသာမကဘဲ ပြိုင်ပွဲဝင်အဖွဲ့တစ်ဖွဲ့လုံး၏ စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းစနစ်တကျရှိရေး ယခင်နှစ်များကထက် ပိုမိုတင်းကျပ်ပြီး စိန်ခေါ်မှုများလည်း မြင့်မားလာခဲ့ပါသည်။

ပြိုင်ပွဲဝင်အဖွဲ့များအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြိုင်ပွဲမစတင်မီ ၁၀ ရက်ခန့် ကြိုတင်ရောက်ရှိကာ ပြိုင်ပွဲဝင်ရန် စာရင်းသွင်းခြင်း၊ ပြိုင်ပွဲဝင်မည့်ကွင်းကို လေ့လာခြင်း၊ တိုက်ယာဉ် အရောင်မဲနှိုက်ခြင်း၊ တိုက်ယာဉ်များနှင့် လိုက်နာရမည့်စည်းကမ်းများ သင်ကြားပြသပေးခြင်း၊ တိုက်ယာဉ်ကြွခိုင်ထိန်းသိမ်းမှု ဆောင်ရွက်ခြင်း၊ ချိန်သားညှိပစ်ခတ်ခြင်းနှင့် ဖွင့်ပွဲအတွက် အစမ်းလေ့ကျင့်ခြင်းများကို ကြိုတင်ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာ့တပ်မတော် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် "ပွဲမဝင်ခင် အပြင်က ကျင်းပ" ဆိုသလို ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မသွားရောက်မီကပင် လိုအပ်သည့်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကာ "ကြိုတင်ပြင်ဆင် အောင်ပွဲဆင်" ဆိုသည့်အတိုင်း အောင်မြင်မှုရှိခဲ့ခြင်းဖြစ်ပါသည်။

## ပြိုင်ပွဲဝင်ပုံ

ယခုနှစ် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံက ထုတ်ပေးထားသည့် T–72B3M ပင်မတိုက်ပွဲဝင်တင့်များကို အသုံးပြုမောင်းနှင်ယှဉ်ပြိုင်ခဲ့ရပြီး မိမိအစီအစဉ်ဖြင့် တိုက်ယာဉ်များ ယူဆောင်လာမည်ဆိုပါက အလေးချိန် ၄၄ တန်နှင့်အထက်ရှိသည့် ပင်မတိုက်ပွဲဝင်တင့်နှင့် ပြောင်းထွက်ရှိန် ၁၀၀၀ မီတာ/စက္ကန့်ထက်မပိုသည့် တင့်ခဲယမ်းများ အသုံးပြုယှဉ်ပြိုင်နိုင်ပါသည်။ ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နှစ်စဉ် ၎င်းတို့ကိုယ်ပိုင် Type–96 B တင့်များကို အသုံးပြုယှဉ်ပြိုင်သကဲ့သို့ ဘီလာရုစ်နိုင်ငံသည်လည်း ၎င်းတို့ကိုယ်ပိုင် T–72BME တင့်များကို အသုံးပြု၍ ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲအား အုပ်စု နှစ်စုခွဲ၍ ကျင်းပပြုလုပ်လေ့ရှိပြီး ယခင်နှစ်ပြိုင်ပွဲရလဒ်များအပေါ်မူတည်၍ Division–1 နှင့် Division–2 ဟူ၍ အုပ်စုနှစ်စုခွဲ၍ ကျင်းပခဲ့ကြသည်။ သာမန်အားဖြင့် အုပ်စုတွင်းပြိုင်ပွဲများအား ပြိုင်ပွဲဝင်နိုင်ငံ အသီးသီး၏ တိုက်ယာဉ်အဖွဲ့ သုံးဖွဲ့ အလှည့်ကျယှဉ်ပြိုင်ရသည့် တစ်စီးချင်းပြိုင်ပွဲအဖြစ် လည်းကောင်း၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲပြိုင်ပွဲများအား လက်ဆင့်ကမ်းပြိုင်ပွဲအဖြစ်လည်းကောင်း ယှဉ်ပြိုင်ကျင်းပခဲ့ကြသော်လည်း ယခုနှစ်တွင် ထိုသို့ ပြိုင်ပွဲအဆင့်ဆင့်အား Division–1 တွင်သာ သတ်မှတ်ထားပြီး Division–2 တွင်မူ တစ်စီးချင်းပြိုင်ပွဲမှ တိုက်ယာဉ်အဖွဲ့ သုံးဖွဲ့၏ စံချိန်များကိုပင် စုပေါင်းကာ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် ဆုများအသီးသီး ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

တင့်မောင်းနှင်ကွင်းအတွင်း အခက်အခဲအတားအဆီးများအဖြစ် တိုင်ဝင်/တိုင်ထွက်အတားအဆီး၊ မိုင်းကွင်းအတားအဆီး၊ ရေကန်အတားအဆီး၊တောင်ကုန်းအတားအဆီး၊ မီးလောင်ကွင်းအတားအဆီး၊ တင့်ထောင်ချောက်အတားအဆီး၊ တံတားအတားအဆီး၊ တောင်စောင်းအတားအဆီး၊ မြေပြတ်အတားအဆီး စသည့် အတားအဆီးအမျိုးမျိုးကို ဖြတ်ကျော်မောင်းနှင်ရပြီး ပစ်ခတ်မှုအနေဖြင့် ၁၆၀၀ မီတာ၊၁၇၀၀ မီတာ၊၁၈၀၀ မီတာ အကွာအဝေးများမှ တင့်ပစ်မှတ် သုံးခုအား ၁၂၅ မမ တင့်ဖျက်ခွင်းကျည် သုံးတောင့်ဖြင့် ရပ်လျက်ပစ်ခတ်ခြင်း၊ ၈၀၀ မှ ၁၀၀၀ မီတာအကွာအဝေးအတွင်းရှိသော ရဟတ်ယာဉ်ပစ်မှတ်တစ်ခုအား ၁၂ ဒသမ ၇ မမ စက်သေနတ်ကျည် ၁၅ တောင့်ဖြင့် ရပ်လျက်ပစ်ခတ်ခြင်း၊ ၆၀၀၊ ၇၀၀၊ ၈၀၀ မီတာများမှ ရန်သူပခုံးထမ်းတင့်ဖျက်ပစ်မှတ်သမား ပစ်မှတ်တစ်ခုအား ၇ ဒသမ ၆၂ မမ ယှဉ်တွဲ စက်သေနတ်ကျည် ၁၅ တောင့်ဖြင့် ရပ်လျက်ပစ်ခတ်ခြင်းများ ပြုလုပ်ယှဉ်ပြိုင်ရခြင်းဖြစ်ပါသည်။

ပြိုင်ပွဲတွင် အုပ်စုအသီးသီးမှ ပြိုင်ပွဲဝင်အသင်းများသည် မဲနှိုက်၍ ရရှိသောတင့်အရောင်များအတိုင်း အုပ်စုငယ်များပြန်လည်စုဖွဲ့၍ လေးကီလိုမီတာအကွာအဝေးရှိ ပြိုင်ပွဲဝင်ကွင်းအား သုံးပတ်ယှဉ်ပြိုင် မောင်းနှင်ခဲ့ကြရသည်။ ပြိုင်ပွဲဝင်နိုင်ငံများမှ တိုက်ယာဉ်များအား တစ်စီးချင်း တာလွှတ်ခြင်းဖြစ်ပြီး တစ်စီးနှင့်တစ်စီး ငါးမိနစ်ခန့်ခြား၍ တာလွှတ်ခြင်းဖြစ်ပါသည်။ ပထမအပတ်တွင် တင့်ပစ်မှတ်ကိုလည်းကောင်း၊ ဒုတိယအပတ်တွင် ရဟတ်ယာဉ်ပစ်မှတ်ကိုလည်းကောင်း၊ တတိယအပတ်တွင် ရန်သူပခုံးထမ်း တင့်ဖျက်သမားပစ်မှတ်ကိုလည်းကောင်း အသီးသီးပစ်ခတ်ကာ အတားအဆီးများကို ဖြတ်ကျော်မောင်းနှင်ရခြင်းဖြစ်ပါသည်။

**မြန်မာ့တပ်မတော် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲဝင်အသင်း**

မြန်မာ့တပ်မတော် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲဝင်အသင်းအနေဖြင့် ပြိုင်ပွဲဝင်အဖွဲ့သားများကို ပြိုင်ပွဲဝင်ဟောင်း ၅၀ ရာခိုင်နှုန်းနှင့် ပြိုင်ပွဲဝင်သစ် ၅၀ ရာခိုင်နှုန်းဖြင့် အသီးသီးဖွဲ့စည်းလေ့ကျင့်ခဲ့ရာတွင် လေ့ကျင့်မှုရလဒ်ကောင်းများပေါ်ထွက်လာခဲ့သည့်အပြင် ကျွမ်းကျင်တိုက်ယာဉ်အဖွဲ့သားများကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ "လေ့ကျင့်၊ ကျွမ်းကျင်၊ အောင်ပွဲဆင်" ဆိုသလိုပင် လေ့ကျင့်ခဲ့စဉ်ကာလမှာပင် ရလဒ်ကောင်းများရရှိခဲ့သည့်အတွက် ပြိုင်ပွဲဝင်အဖွဲ့သားများအနေဖြင့် အောင်မြင်မှုရရှိမည်ဟု ယုံကြည်ချက်များလည်း ခိုင်မာနေခဲ့ကြပါသည်။ သို့သော်လည်း အခြားနိုင်ငံများမှ အသင်းများလည်း အသီးသီးတိုးတက်လာနိုင်သည်ဖြစ်ရာ ပြိုင်ပွဲကို သတိရှိရှိ အမှားအယွင်းအနည်းဆုံးဖြင့် ယှဉ်ပြိုင်နိုင်မှသာ







အောင်ပန်းဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း ပြိုင်ပွဲဝင်အဖွဲ့သားအားလုံးက ခံယူချက်ထားပြီး စနစ်တကျလေ့ကျင့်ခဲ့ကြခြင်းလည်းဖြစ်ပါသည်။

ပထမနေ့ပြိုင်ပွဲတွင် တိုက်ယာဉ်အဖွဲ့-၁ (Crew-1) က ၂၇ မိနစ် ၄၃ စက္ကန့်ဖြင့် အခြားပြိုင်ပွဲဝင်တင့်အဖွဲ့များကို ဖြတ်ကျော်လျက် ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ပါသည်။ ပစ်မှတ်အားလုံးကိုလည်း ထိမှန်အောင် ပစ်ခတ်နိုင်ခဲ့ရာ ပြိုင်ပွဲဝင်အဖွဲ့သားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာကို မြင့်တက်လာစေပါသည်။ တိုက်ယာဉ်အဖွဲ့-၁ အနေဖြင့် ပထမဆုံးနိုင်ခဲ့သည့်အတွက် မျှော်မှန်းထားသည်ထက် ပိုမိုသာလွန်သော အောင်မြင်မှုရလဒ်ကိုရရှိခဲ့ပြီး အဖွင့်ပိုင်းမျက်နှာပန်းလှခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း တာထွက်ကောင်းရုံဖြင့် ပြိုင်ပွဲ၏ အဆုံးအဖြတ်ကို ရရှိနိုင်မည်မဟုတ်သလို ကျန်ပြိုင်ပွဲဝင်အဖွဲ့များအနေဖြင့်လည်း အားကြိုးမာန်တက် ဆက်လက်ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်ခဲ့ကြသည်။

ပြိုင်ပွဲဒုတိယနေ့တွင် တိုက်ယာဉ်အဖွဲ့-၂ (Crew-2) က ပစ်မှတ် ငါးခုအနက် လေးခုကိုသာ ထိမှန်ခဲ့ပြီး ကွင်းပိုပြစ်ဒဏ်နှစ်ပတ်မောင်းနှင်ခဲ့ရသည့်အတွက် စံချိန်အားဖြင့် အနည်းငယ်နောက်ကျခဲ့ရသလို ပြိုင်ပွဲဝင်နေစဉ်အတွင်း ပြိုင်ဘက်အသင်းတစ်သင်း၏ တိုက်ယာဉ်ချို့ယွင်းမှုဖြစ်ပေါ်ပြီး မိမိမောင်းနှင်ရမည့် လမ်းကြောင်းပေါ်တွင် ပိတ်ဆို့ရပ်တန့်မှုဖြစ်ပေါ်ခဲ့သဖြင့် မိမိတိုက်ယာဉ်က မတော်တဆထိခိုက်မှုမျိုး မဖြစ်ပေါ်စေရန် ထိန်းချုပ်ရေးစင်တာရှိ ကွပ်ကဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် အချိန်မီသတိပေးရပ်တန့်ခဲ့ရသဖြင့် စံချိန်အားဖြင့် နှောင့်နှေးမှုများရှိခဲ့ပြီး ၃၈ မိနစ် ၁၄ စက္ကန့်ဖြင့်သာ ပန်းဝင်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း တိုက်ယာဉ်အဖွဲ့နှစ်ဖွဲ့ ယှဉ်ပြိုင်ပြီးချိန်အထိ မြန်မာအသင်း၏ နှစ်ဖွဲ့ပေါင်းရလဒ်မှာ ကျန်ပြိုင်ပွဲဝင်အသင်းများထက် စက္ကန့်ပိုင်းအသာဖြင့်သာ ဦးဆောင်နေခဲ့ပါသည်။

တတိယနေ့ပြိုင်ပွဲတွင်လည်း တိုက်ယာဉ်အဖွဲ့-၃ (Crew-3) အနေဖြင့် စံချိန်ကွာဟချက်ကျဉ်းမြောင်းနေမှုကို ချေဖျက်နိုင်ရန်အလို့ငှာ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းယှဉ်ပြိုင်ခဲ့ရာ ပစ်ချက်အားလုံးထိမှန်ခဲ့ပြီး ၃၀ မိနစ် ၂၈ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့သည်။ ပြိုင်ပွဲများအားလုံးတွင် မိမိတို့မြန်မာ့တပ်မတော်တင့်ကား မောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် ပြိုင်ပွဲဝင်စည်းကမ်းများနှင့်အညီ သန့်ရှင်းစွာယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်ကို ဒိုင်အဖွဲ့များနှင့် အခြားနိုင်ငံမှ ပြိုင်ပွဲဝင်အသင်းများအပါအဝင် ပရိသတ်များအားလုံး မြင်တွေ့ချီးမွမ်းခဲ့ကြရပါသည်။ Division-2 ၏ ပြိုင်ပွဲဝင်အသင်းများအားလုံး ယှဉ်ပြိုင်ပြီး စုစုပေါင်းစံချိန်များအား စုပေါင်းတွက်ချက်ခဲ့ရာတွင် မြန်မာ့တပ်မတော်တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် အကောင်းဆုံးရလဒ်အဖြစ် Division-2 ၏ ပထမဆုကြီးကို စုစုပေါင်းပန်းဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့်ဖြင့် ထိုက်ထိုက်တန်တန်ရရှိခဲ့ပါသည်။

ပြိုင်ပွဲအတွင်း မြန်မာအသင်းအနေဖြင့် စုစုပေါင်းပစ်မှတ် ၁၅ ခုအနက် ၁၄ ခုကို ထိမှန်ခဲ့သည်ဖြစ်ရာ မိမိနိုင်ငံအသင်း၏ ပြိုင်ပွဲဝင်သမိုင်းတစ်လျှောက် ထိချက်အများဆုံး ပြိုင်ပွဲတစ်ခုဖြစ်ခဲ့သည့်အပြင် Division-2 တွင်သာမက Division-1 ၌ယှဉ်ပြိုင်သော အခြားအသင်းများထက်လည်း ပစ်မှတ်ထိမှန်မှု ပိုမိုခဲ့ပါသည်။ အခြားပြိုင်ပွဲဝင်များသည် ပြိုင်ပွဲစည်းကမ်းများကို မည်သို့ပင် လက်တစ်လုံးခြား ရှောင်လွှဲယှဉ်ပြိုင်ခဲ့သည်ဖြစ်စေ မြန်မာ့တပ်မတော် ပြိုင်ပွဲဝင်အသင်းအနေဖြင့် ၂၀၂၂ ခုနှစ် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲကို နိုင်ငံတကာတပ်မတော်များရှေ့မှောက်တွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သန့်သန့်ရှင်းရှင်းပြိုင်ပွဲဝင်ခဲ့ပြီး ပထမဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းဖြစ်ပါသည်။ မြန်မာ့တပ်မတော် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲဝင်အသင်းအနေဖြင့် ယခုနှစ် Division-2 တွင် ပထမနေရာရရှိခဲ့သောကြောင့် နှစ်စဉ်ပြိုင်ပွဲဝင်အုပ်စုခွဲဝေမှု စည်းမျဉ်းများအရ လာမည့်နှစ်တွင် Division -1 ၌ အိမ်ရှင် ရုရှား၊ တရုတ်နှင့် ဘီလာရုဇ် စသည့်ကမ္ဘာ့အကောင်းဆုံး ပြိုင်ပွဲဝင်အသင်းများနှင့် တစ်တန်းတည်း ယှဉ်ပြိုင်ရတော့မည်ဖြစ်သဖြင့် ယခုထက်ပိုမိုသာလွန်သောလေ့ကျင့်မှုများဆက်လက်ပြုလုပ်သွားရန်လည်း လိုအပ်ပါသည်။

**အောင်ပွဲအဆက်ဆက်ဆွတ်ခူးဦးမည်**

လက်ရှိတွင် မြန်မာ့တပ်မတော်အနေဖြင့် International Army Games-2022 ပြိုင်ပွဲများဖြစ်သော ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ (Military Medical Relay Race)၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ (Sniper Frontier) Emergency Area ပြိုင်ပွဲနှင့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ(Army of Culture) တို့တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ မြန်မာ့တပ်မတော်တင့်ကား မောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် "လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်" ဆိုသည့်အတိုင်း တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Tank Biathlon)တွင် နိုင်ငံ့ဂုဏ်၊ တပ်မတော်ဂုဏ်၊ တပ်ဖွဲ့ဂုဏ်ကို မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုအား မျက်ဝါးထင်ထင်တွေ့မြင်ရပြီးဖြစ်ပါသည်။

နိုင်ငံတော်နှင့်တပ်မတော်ကို ကိုယ်စားပြုပြိုင်ပွဲဝင်များသည် ပွဲမဝင်ခင်ကပင် ကြိုတင်ပြင်ဆင်ကြရသည်။ တပ်မတော်သားတို့သည် ချွေးထွက်များမှ သွေးထွက်နည်းမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့ကြရသည်။ ပြင်းပြင်းထန်ထန်လေ့ကျင့်ခြင်း၏ အကျိုးသည် အောင်မြင်မှုကို ထိုက်ထိုက်တန်တန်ပိုင်ဆိုင်ခြင်းဖြစ်လာသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားမှုရှိမည်ဆိုပါက မည်သည့်အရာကိုမဆို အောင်မြင်မှုရရှိမည်သာဖြစ်သည်။

တပ်မတော်သားတိုင်းသည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဟူသော အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံအောင် ဖြည့်ဆည်းထားသူများဖြစ်ကြသည်။ စိတ်ဓာတ်ပိုင်းဆိုင်ရာတွင် တိုက်ပွဲဝင်စိတ်ဓာတ်ကို အထူးမွေးမြူထားရသည်။ တိုက်ပွဲဝင်စိတ်ဓာတ်ဆိုသည်မှာ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်၊ ကျည်တစ်တောင့် လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့် စိတ်ဓာတ်၊ တပ်မတော်၏ဂုဏ်ကို အသက်စွန့်ပြီးမြှင့်တင်လိုသည့် စိတ်ဓာတ်၊ အချင်းချင်းရိုင်းပင်းကူညီလိုသည့် စိတ်ဓာတ်နှင့် ရဲဘော်ရဲဘက်စိတ်တို့ဖြစ်ပါသည်။ ထိုစိတ်ဓာတ်ကြောင့်ပင် ထိုက်ထိုက်တန်တန် အောင်မြင်မှုဆုလာဘ်ရရှိခဲ့ခြင်းကို ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။ ။

■

# ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး ပြိုင်ပွဲများပြုလုပ်ပေးပြီး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများဆောင်ရွက်



သထုံ ဩဂုတ် ၂၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက ဘင်လှိုင်ရပ်ကွက်ရှိ ဝါးတောအခြေခံပညာမူလတန်းလွန်ကျောင်း၌ အလယ်တန်းအဆင့် စာဖတ်စွမ်းရည်၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား ကျောင်းသူများ ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြခြင်းဖြင့် အနာဂတ်ကာလ၌ အသိပညာကြွယ်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်လာနိုင်ရေးတို့ကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ပြိုင်ပွဲများကျင်းပရာ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုခြင်းတို့ကို သတ်မှတ်ခေါင်းစဉ်အလိုက် ယှဉ်ပြိုင်ကြရာ အကောင်းဆုံးယှဉ်ပြိုင်နိုင်ကြသူများအား အမက(လွန်) ဝါးတောကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်စံပယ်နှင့် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က ဆုလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ် စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများကစိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တောင့်ထား စာပေဗိမာန်

တက္ကသိုလ်မြတ်သူ

၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့က ကျွန်တော်၏ အသက် (၈၁) နှစ်ပြည့်သကဲ့သို့ စာပေဗိမာန်ကြီးလည်း ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် အသက်(၇၅)နှစ် တင်းတင်းပြည့်ပေတော့မည်။ ကျွန်တော်က စာပေဗိမာန်ထက် အသက်(၁၆)နှစ် ပိုကြီးသဖြင့် စာပေဗိမာန်ဟူသော အမည်မခံယူခင် BTS–Burma Translation Society (မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး) အမည်ခံယူထားစဉ်ကပင် ကျွန်တော်သိနေခဲ့ပြီးဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် ကျောင်းသားဘဝမှာပင်ရှိနေ၍ စာပေဗိမာန်အမည် မမှည့်ရသေးမီ BTS ဘာသာပြန် စာပေအသင်းမှ ထုတ်ဝေသော ဘာသာပြန်စာအုပ်ကို ဖတ်ရှုလေ့လာနိုင်ခဲ့သည်။ မြို့မဆရာဟိန်၊ မြို့မဦးစံထွားတို့ ပြုစုသည့် လောကီထုပ္ပတ် လူတို့ဇာတ်ခေါ် ကမ္ဘာ့ရှေးဟောင်း သမိုင်းစာအုပ်များကို ကျောင်းသင် သမိုင်းဘာသာရပ်၌ သင်ယူခဲ့ရသည်။ မြို့မဆရာဟိန်၊ မြို့မဦးစံထွားတို့သည် စာပေဗိမာန်၏ လက်ဦးပညာရှင် စာရေးဆရာကြီးများ၊ စာပြုကြီးများ ဖြစ်ခဲ့သည်။

**စာပေဗိမာန်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့**

၁၉၅၀ ပြည့်လွန်နှစ်များတွင် စာပေဗိမာန်အဆောက်အအုံမှာ ရန်ကုန်မြို့ ပြည်လမ်း (ဟံသာဝတီအဝိုင်း) ထိပ်တွင် ရှိသည်။ ထိုစဉ်က မြန်မာစာ၊ မြန်မာဂန္ထဝင်ဂီတ၊ မြန်မာ့သဘင်၊ မြန်မာ့ဆိုင်း ပညာရပ်များကို အပတ်စဉ်ဟောပြောသော ဦးဂုမ္ဘာန်၏ ဟောပြောပွဲများကို မပြတ်နားထောင်ရင်း စာပေဗိမာန်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ယနေ့ စာပေဗိမာန်တည်ရာ ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်သို့မူ အကြောင်းအမျိုးမျိုးဖြင့် ကျွန်တော်ရောက်နေရပေသည်။

စာပေဗိမာန်တွင် ကျွန်တော် ရင်းရင်းနှီးနှီး မှတ်မိနေသူ စာပြု စာရေးဆရာကြီးများစွာရှိနေခဲ့သည်။ နတ်မောက်ဘုန်းကျော်သည် ကျွန်တော်နှင့် အလွန်ရင်းနှီးပြီး ကြုံတိုင်းစကားလက်ဆုံကျစမြဲဖြစ်သည်။ စာတည်း၊ စာပြုပညာရှင် ဦးသာညွန့်(ကလောင်အမည် တက္ကသိုလ်ညွန့်ဦး) သည် ၁၉၅၈ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလများက အာရှ–အာဖရိက စာရေးဆရာညီလာခံတက်ရန် ဆိုဗီယက်ပြည်ထောင်စုသို့ အတူသွားရောက်ခဲ့ပြီး ညီလာခံအပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာသမဂ္ဂဥက္ကဋ္ဌ ဆရာကြီး မော်တွန်း၏ ဖိတ်ကြားချက်အရ ဦးသာညွန့်၊ မန္တလေးမှ ဆရာကြည်မြတို့နှင့်အတူ ကျွန်တော်သည် တရုတ်ပြည်သို့ တစ်လနီးပါး ဆက်လက်သွားရောက်လေ့လာခဲ့သည်။ ဦးသာညွန့်သည် ဥပဒေ (ဝိဇ္ဇာဘွဲ့) ရထားသူဖြစ်၍ တရားရေးဌာန၊ ဥပဒေပြုရေးတာဝန်များ ပြောင်းရွှေ့ထမ်းဆောင်ခဲ့ပေသည်။ ထိုစဉ်က စာတည်း ဦးကျော်လင်းသည် မီးပုံးပျံ ဦးကျော်ရင်၏ သားကြီး ကာတွန်း ဦးကျော်ဆန်း(ကဆ)၏ အစ်ကိုဖြစ်၍ ကျွန်တော်နှင့် ရင်းနှီးခဲ့ရသည်။

ထိုစာတည်း၊ စာပြုပညာရှင်များ တာဝန်ယူစဉ်ကပင် မြန်မာ့စွယ်စုံကျမ်းကြီး ၁၅ တွဲကို ရေးသားပြုစု ထုတ်ဝေနိုင်ခဲ့ပေသည်။ နိုင်ငံအတွက် ကြီးစွာသော အကျိုးပြုလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ နောင်နှစ်စဉ် စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များ (ယနေ့တိုင်) ထုတ်ဝေပေးနေခြင်းသည်လည်း စာဖတ်ပြည်သူတို့အား ကြီးစွာသော သတင်းအသိပံ့ပိုးမှုဖြစ်သည်။ လူထုသိပွဲစာစဉ်အုပ်တွဲများ၊ နှစ်ငါးဆယ် ရေးရာ(ယဉ်ကျေးမှု) အုပ်တွဲများ၊ နှစ်ငါးဆယ် ကမ္ဘာ့ရေးရာ အုပ်တွဲများသည် ယနေ့တိုင် ကိုယ်ပိုင်စာအုပ်စင်များ၊ စာကြည့်တိုက်များတွင် ရှိနေရမည့် စာအုပ်များဖြစ်သည်။ ပြည်သူ့လက်စွဲ စာစဉ်များကိုလည်း ဆက်တိုက်ထုတ်ဝေလာသည်။ ကလေးသူငယ်များအတွက် ရွှေသွေးရုပ်ပြစာစောင်သည် ယနေ့တိုင် ကလေးတို့လက်စွဲစာစောင်များ ဖြစ်နေပေသည်။

စာတည်း၊ စာပြုပညာရှင်များ တာဝန်ယူစဉ်ကပင် မြန်မာ့စွယ်စုံကျမ်းကြီး ၁၅ တွဲကို ရေးသားပြုစုထုတ်ဝေနိုင်ခဲ့ပေသည်။ နိုင်ငံအတွက် ကြီးစွာသော အကျိုးပြုလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ နောင်နှစ်စဉ် စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များ (ယနေ့တိုင်) ထုတ်ဝေပေးနေခြင်းသည်လည်း စာဖတ်ပြည်သူတို့အား ကြီးစွာသောသတင်းအသိပံ့ပိုးမှုဖြစ်သည်။ လူထုသိပွဲစာစဉ်အုပ်တွဲများ၊ နှစ်ငါးဆယ်ရေးရာ(ယဉ်ကျေးမှု) အုပ်တွဲများ၊ နှစ်ငါးဆယ်ကမ္ဘာ့ရေးရာအုပ်တွဲများသည် ယနေ့တိုင် ကိုယ်ပိုင်စာအုပ်စင်များ၊ စာကြည့်တိုက်များတွင် ရှိနေရမည့် စာအုပ်များဖြစ်သည်။ ပြည်သူ့လက်စွဲစာစဉ်များကိုလည်း ဆက်တိုက်ထုတ်ဝေလာသည်။ ကလေးသူငယ်များအတွက် ရွှေသွေးရုပ်ပြစာစောင်သည် ယနေ့တိုင် ကလေးတို့လက်စွဲစာစောင်များဖြစ်နေ

စာပေဗိမာန်စာမူပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးကာ ထိုက်သင့်ရာရာဆုများ ရွေးချယ်ချီးမြှင့်ခြင်းဖြင့် မြန်မာစာပေ ဇာတ်ခုံပေါ်သို့ စာရေးဆရာများ တန်းစီစင်တင်ပေးနေသည်။ စာပေဗိမာန်က ကျပ်တစ်ထောင်တန် (ထိုစဉ်က ကျပ် ၁၀၀၀ ဆိုသည်မှာ ရွှေလေးငါးကျပ်သားဝယ်၍ ရလောက်ပေသည်။) ဝတ္ထုရှည် ပထမဆုံးဆုကို ဆရာမင်းအောင်ရေးသော မိုးအောက်မြေပြင် ဝတ္ထုကရရှိခဲ့သည်။ ထိုဆုများမှ စတင်အားယူပြီး စာပေပညာရှင်ကြီးများက စိစစ်ရွေးချယ်ပေးသော အမျိုးသားစာပေဆုများကို ပြန်ကြားရေးဝန်ကြီးဌာနအတွက် (နိုင်ငံတော်အတွက်) စာပေဗိမာန်ကပင် အစအဆုံး တာဝန်ယူပေးထားပေသည်။

ကျွန်တော်တို့လို စာအုပ်စုဆောင်း၊ ဖတ်ရှု၊ ဆည်းပူးလိုသူများအတွက်လည်း စာပေဗိမာန်စာအုပ် အရောင်းဆိုင်က အားကိုးအားထား ပြုလောက်ပေသည်။ စာပေဗိမာန် စာကြည့်တိုက်ကိုလည်း စနစ်တကျဖွင့်ပေးထားသည်။ လုံးဝအနားမနေသော ဌာနတစ်ခုဖြစ်သည်။ ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့် (ဝန်ကြီးများရုံးနှင့် မျက်နှာချင်းဆိုင်) မှ အဆောက်အအုံနီနီကြီးသည် ကိုလိုနီခေတ်ကတည်းက တည်ရှိခဲ့သည့် အစိုးရဗဟိုပုံနှိပ်တိုက် ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာအစိုးရ ဗဟိုပုံနှိပ်တိုက် ဖြစ်လာခဲ့သည်။ ခေတ်ဟောင်းကာလတွင် မြန်မာဂန္ထဝင် စာပေစာအုပ်များ၊ ဓမ္မသတ်ကျမ်းများ (ကင်းဝန်မင်းကြီး၏ ဓမ္မသတ် ၃၇ စောင်တွဲ)နှင့် ဦးကျော်ဒွန်း KSM က စီစဉ်ပြုစုသော မြန်မာစာညွှန့်ပေါင်းကျမ်းကြီးများ ထုတ်ဝေခဲ့သည်။ အစိုးရပြန်တမ်းများကိုလည်း ပုံမှန်ထုတ်ဝေခဲ့သည်။ ယခုအခါ စာပေဗိမာန်နှင့် ဗဟိုပုံနှိပ်တိုက်တို့ ပူးပေါင်းထားသဖြင့် စာပေဗိမာန်သည် အလုံးအဖန် ပိုမိုကြီးထွားလာပေသည်။

ရှေးက စာပေဗိမာန် စာတည်းကြီးများတွင် ဆရာကြီး ဒဂုန်ရွှေမျှားလည်း ပါဝင်ခဲ့သည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် စာပေဗိမာန်ကို ဦးစီးဦးကိုင်ပြုရန် ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး) ရောက်လာ၏။ ဦးထင်ကြီးသည် အမေရိကန်မှ သတင်းစာပညာ မဟာဘွဲ့ယူလာသူဖြစ်ပြီး လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ကျွန်တော်နှင့်တွဲပြီး တာဝန်ထမ်းခဲ့ဖူးသည်။ ဦးထင်ကြီးသည် ဝါသနာအရ၊ ကျွမ်းကျင်မှုအရ မြန်မာသတင်းစာများ သမိုင်းကို ပြန်လှန်တော့သည်။ စာနယ်ဇင်းတို့၏ ခေတ်သမိုင်းကို စုဆောင်းပြုစုသည်။ စာအုပ်စာတမ်းများ ထုတ်ဝေခဲ့သည်။ စာပေနှီးနှောဖလှယ်ပွဲ၊ စာတမ်းဖတ်ပွဲများ နှစ်စဉ်လိုလို ကျင်းပခဲ့သည်။

နောက်ပိုင်း စာပေဗိမာန် စာတည်းများ၊ စာပြုစသည့် အရာရှိများတွင်လည်း လုပ်ငန်းအရ၊ စာပေ ရေးဖော်ရေးဖက်အရ ရင်းနှီးသူများစွာ ရှိခဲ့သည်။ ယင်းတို့တွင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ ဦးမောင်လှိုင် (မောင်ဆွေငယ်)၊ ဒေါ်တင်အေးကြည် (မန္တလေးတက္ကသိုလ်တွင် ကျောင်းနေဖက်)၊ မုံရွာဝင်းဖေ၊ မနှင်းဖွေး၊ ညွန့်ဟံ (ကြူတော)၊ ချိုမြနွယ်၊ စိုးမြင့်သန်းတို့ ဖြစ်ကြသည်။

**စာအုပ်များ၊ မှတ်တမ်းများ**

ကျွန်တော်သည် စာပေဗိမာန် စာပေနှီးနှောဖလှယ်ပွဲ၊ စာတမ်းဖတ်ပွဲများစွာ တက်ရောက်ခဲ့သည်။ စာအုပ်များ၊ မှတ်တမ်းများ ဝယ်သိမ်းခဲ့သည်။ စာအုပ်များတွင် မြန်မာစာပေ စာစုစာရင်းစာအုပ်၊ မြန်မာဘာသာစကားစာစုစာရင်း၊ မြန်မာနိုင်ငံသတင်းစာများအညွှန်း (တက္ကသိုလ်ထင်ကြီး)၊ စာနယ်ဇင်းသမိုင်း စာတမ်းများ၊ စာပေဗိမာန်စာတမ်းများ တစေ့တစောင်း(ယမင်း)၊ ၁၉၇၅ ခုနှစ် မြန်မာစာနယ်ဇင်း သမိုင်းဟောပြောပွဲစာတမ်းများ၊ စာအုပ်စာပေ ဟောပြောပွဲစာတမ်းများ၊ စာအုပ်စာပေစာတမ်းများ၊ ဘာသာပြန်ရည်ညွှန်းစာအုပ်များ (ပ၊ ဒု၊ တ၊ စ)၊ လူ့မိတ်ဆွေစာအုပ် (မန္တလေး)တို့ ပါဝင်သည်။

တစ်ချိန်က ထုတ်ဝေခဲ့သော စာပေဗိမာန်မဂ္ဂဇင်းသည် ပြည့်စုံကောင်းမွန်ခဲ့သည်။ သုတစာစောင်များလည်း ပုံမှန်ထုတ်ဝေခဲ့သည်။ စာပေစာတမ်းဖတ်ပွဲ (စာပေနှီးနှောဖလှယ်ပွဲ) များကိုလည်း စာပေဗိမာန်က နှစ်စဉ်လိုလို ကျင်းပခဲ့ရာ သက်ဆိုင်ရာ ဘာသာရပ်အကြောင်းအရာ၌ နှံ့စပ်သိရှိသူ စာပေပညာရှင်များ တင်သွင်းဖတ်ကြားကြ၊ ပရိသတ်ထဲမှထ၍ ဆွေးနွေးကြနှင့် ပွဲစည်ခဲ့သည်။ ကျွန်တော်မှတ်မိသရွေ့ စာပေနှီးနှောဖလှယ်ပွဲများကို ကျွန်တော့်လက်ဝယ်ရှိ စာအုပ်စာတမ်း အထောက်အထားအရတင်ပြပါမည်။ သိပ္ပံစာပေ နှီးနှောဖလှယ်ပွဲ (၁၉၆၇၊ ဖေဖော်ဝါရီ)၊ ဘာသာပြန်စာပေ နှီးနှောဖလှယ်ပွဲ (၁၉၆၉၊ စက်တင်ဘာ)၊ ပြဇာတ်နှင့် ပြဇာတ်စာပေ နှီးနှောဖလှယ်ပွဲ(၁၉၇၀၊ စက်တင်ဘာ)၊ ကလေးလူငယ် စာပေ နှီးနှောဖလှယ်ပွဲ (၁၉၇၃၊ စက်တင်ဘာ)၊ သုတစာပေ စာတမ်းဖတ်ပွဲ(၁၉၇၇၊ ဇန်နဝါရီ)၊ ဝတ္ထုတို စာတမ်းဖတ်ပွဲ (၁၉၇၈၊ မတ်)၊ ခရီးသွားစာပေ စာတမ်းဖတ်ပွဲ(၁၉၇၉၊ မတ်)၊ ဝတ္ထုရှည် စာတမ်းဖတ်ပွဲ(၁၉၇၉၊ ဒီဇင်ဘာ)၊ မြန်မာကဗျာ စာတမ်းဖတ်ပွဲ(၁၉၈၁၊ ဖေဖော်ဝါရီ)၊ မြန်မာရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲ (၁၉၈၄၊ ဇန်နဝါရီ)၊ စာတမ်းငယ်စာပေ စာတမ်းဖတ်ပွဲ(၁၉၈၆၊ မတ်)၊ ဘာသာပြန် စာပေစာတမ်းဖတ်ပွဲ (၁၉၈၇၊ မတ်) ဇာတိမာန်စာပေ စာတမ်းဖတ်ပွဲ (၁၉၉၂၊ ဇန်နဝါရီ)တို့ဖြစ်သည်။

ကျွန်တော် လက်လှမ်းမမီသော စာတမ်းဖတ်ပွဲများစွာ ကျန်နေပါလိမ့်မည်။ စာပေဗိမာန်၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပသော စာပေနှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကား လက်ဖျားခါလောက်ပေသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလက်ထက် စာပေအဖွဲ့အစည်းများ အစိတ်မက ကွဲပြားနေသည်ကို စုစည်းညီညွတ်သော စာပေစာနယ်ဇင်းအဖွဲ့ကြီးတစ်ခု ထပ်ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ စာပေလုပ်သားဖြစ်မြောက်ရေးအတွက် အဖွဲ့စည်းမျဉ်းကို ပါတီဌာနချုပ်မှာပင် ၁၉၇၅ ခုနှစ် နှစ်ဆန်းမှစ၍ ပါတီမှ တာဝန်ရှိဌာနကြီးမှူးများဖြစ်သော ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီးမောင်လွင်၊ ဗိုလ်ချုပ်သောင်းဒန်၊ ဒုတိယဗိုလ်မှူးကြီး တင်ထွန်း (လေ)၊ ဗိုလ်ရဲထွဋ်၊ ဦးစောဦး၊ ဗိုလ်သိန်းတန်၊ သခင်တင်မြ၊ ဗိုလ်မှူးခင်မောင်ဦးနှင့် ပြင်ပမှ ဆရာတက်တိုး၊ ဆရာမန်းတင်၊ ဦးလှမြိုင်၊ ဆရာမောင်ထင်၊ တက္ကသိုလ်မြတ်သူတို့ တွေ့ဆုံညှိနှိုင်းရေးဆွဲခဲ့သည်။

၁၉၉၅ ခုနှစ် နိုဝင်ဘာလကုန်ရက်တွင် ဥက္ကဋ္ဌအဖြစ် ဆရာမင်းသုဝဏ်၊ အတွင်းရေးမှူးအဖြစ် တက္ကသိုလ်ထင်ကြီး၊ အဖွဲ့ဝင်များအဖြစ် ဆရာကြီး ဦးညာဏ၊ ဆရာတက်တိုး၊ ဆရာမောင်ထင်၊ လူထုဦးလှ၊ ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၊ တက္ကသိုလ်မောင်ထွန်းဝေ၊ တက္ကသိုလ်မြတ်သူ၊ ပန်းချီဦးဘကြည်၊ မင်းကျော်၊ ကိုကို၊ ဦးလှမြိုင်(ကိုဆောင်း)တို့ ပါဝင်သော ပြည်ထောင်စုစာပေလုပ်သားဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းကြသည်။ ထိုမှစ၍ ကျွန်တော်တို့ စာပေလုပ်သားဖြစ်မြောက်ရေး ကော်မတီ (နောင် ၁၉၇၃ ခုနှစ်တွင် ပြန်ဖွဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့စည်းရုံးရေး ကော်မတီ) တို့၏ ရုံးစိုက်ရာနှင့် အစည်းအဝေးကျင်းပရာနေရာသည် ကုန်သည်လမ်းမှ လက်ရှိစာပေဗိမာန် ညွှန်ကြားရေးမှူး ဦးထင်ကြီး၏ ရုံးခန်းမှာပင်ဖြစ်ရာ ကျွန်တော်မှာ စာပေဗိမာန်သို့ အိမ်ဦးနှင့်ကြမ်းပြင်ဖြစ်လာခဲ့သည်။

၁၉၈၀ ပြည့်နှစ်မှစ၍ စာပေလုပ်သားအဖွဲ့ကြီးကို စာပေစာနယ်ဇင်းအဖွဲ့အဖြစ် ညီလာခံကျင်းပ ဖွဲ့စည်းပြီးသည့်နောက်တွင်လည်း ယင်းအဖွဲ့ကြီးသည် စာပေဗိမာန်အဆောက်အအုံမှာပင် အခြေချလာခဲ့သည်။ ထိုစဉ်က သတင်းစာပညာသင်တန်းများ ဖွင့်လှစ်ခဲ့ရာ ကျွန်တော် ဆွေးနွေးဟောပြောပို့ချခဲ့ရသည်။

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကျွန်တော့်ကို ပြန်ကြားရေးဝန်ကြီးဌာနက အကြံပေးတာဝန်ယူစေခဲ့ရာ စာပေဗိမာန်နှင့် ကျွန်တော်လည်း ရေစက်မကုန်ခဲ့ပေ။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့တွင် နိုင်ငံရေးစာပေဆုအတွက် စိစစ်ရွေးချယ်ရန် ကျွန်တော့်အား ၂၀၁၂–၂၀၁၃ မှစ၍ တာဝန်ပေးပြန်ရာ စာပေဗိမာန်ပေါ်မှာပင် ကျွန်တော်တို့ အခြေချစည်းဝေးကြ၊ စိစစ်ကြ၊ ရွေးချယ်ကြနှင့် ၂၀၁၅ ခုနှစ်ကုန်သည်အထိ ဆောင်ရွက်ခဲ့သည်။

မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ပွားစည်းရေး တာဝန်များကို တာဝန်ယူဆောင်ရွက်ခဲ့သော စာပေဗိမာန်သည် ယခု (၇၅)နှစ်အရွယ်ရောက်ပေပြီ။ မြန်မာ့လူ့သက်တမ်းအရမူ ဇရာအရွယ်ဖြစ်သည်။ ယခင်က ပညာသင်ရ၊ လုပ်ငန်းခွင်ဝင်ရ၊ အိမ်ထောင်ပြုရဖြင့် လူ့လောကသို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရသောအရွယ် (အသက်လေးဆယ်မှစ၍ လူ့ဘဝစတင်သူ– Life begin at Forty)ဟူ၍ ကြွေးကြော်ခဲ့ကြသည်။

၁၉၇၃ ခုနှစ် ဇူလိုင်လက ပိုလန်နိုင်ငံသို့ ရက်သတ္တနှစ်ပတ် သွားရောက်လေ့လာခဲ့သည့် မြန်မာသတင်းစာဆရာငါးဦးတွင် ကျွန်တော်လည်း ပါဝင်ခဲ့သည်။ အသွားခရီး၌ အီတလီနိုင်ငံ ရောမမြို့မှ ပိုလန်နိုင်ငံ ဝါဆောသို့အသွား ဩစတြီးယားနိုင်ငံ ဗီယင်နာလေဆိပ်တွင် နှစ်နာရီ ရပ်နားခဲ့သည်။ ထိုစဉ် ဆိုက်ရောက်လာသော လေယာဉ်စင်းလုံးပြည့်ပါလာသည့် အမေရိကန် အဘိုးကြီး၊ အဘွားကြီးစုံတွဲများမှာ မြူးပျော်ပြီး လန်းဆန်းတက်ကြွစွာ လေဆိပ်ထဲ ဝင်လာကြသည်။ ကျွန်တော့်ဘေးတွင်ထိုင်သော အဘိုးကြီး၊ အဘွားကြီး စုံတွဲအချို့ကို စကားစပ်မိပြီး မေးကြည့်မှ အမေရိကန် ပင်စင်ရိပ်သာ၌နေကြသောစုံတွဲများ အပျော်ခရီးထွက်လာသည်ဟု ပြောကြသည်။ သို့ဖြင့် သူတို့ကို ကျွန်တော်က မနေနိုင်မထိုင်နိုင် မြန်မာနိုင်ငံမှာဆိုလျှင် ဤ ၇၀ ကျော်အရွယ် ဘိုးဘွားများသည် တရားဓမ္မ၌ ပျော်မွေ့နေကြပြီဟု ပြောလိုက်မိသည်။ ထိုအခါ အဘွားကြီးတစ်ဦးက “ဟဲ့.. သူငယ်ရဲ့၊ တို့မှာ ပင်စင်ယူချိန်ရောက်မှ အားလပ်ကြတာလေ၊ မင်းမှတ်ထားကွဲ့၊ Life begin at Seventy အသက်(၇၀)မှ လူ့ဘဝစတာ”ဟု ပြောပါသည်။ ထိုအမြင်အရဆိုလျှင် စာပေဗိမာန်သည် ယခုမှ ဘဝအစဟု ဆိုလိုက်ပါရစေ။ တောင့်ထား စာပေဗိမာန်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

(ယမန်နေ့မှအဆက်)

**NP News Agency မှ ရုပ်သံသတင်းဆက်သူ ဒေါ်သီရိက** လူမှုကွန်ရက်၌ ကျယ်ပြန့်စွာအသုံးပြုလာသည့် ဆယ်စုနှစ်ကာလကျော်တွင် အထူးသဖြင့် Facebook ပေါ်မှအစပြုပြီး အမျိုးသားလုံခြုံရေးနှင့် ပတ်သက်သည့် လူဦးရေအချက်အလက်များ၊ လျှို့ဝှက်များပေါက်ကြားရုံတင်မက အမျိုးသားစရိုက်လက္ခဏာများ၊ ယဉ်ကျေးမှုများ၊ ရိုးရာဘာသာတရားများ တိမ်မြုပ်လာခြင်း စသည့်အမျိုးသားလုံခြုံရေးစည်းများ ကျိုးပေါက်မှုကို မည်ကဲ့သို့ကာကွယ်မည်ကို သိလိုပါကြောင်း၊ ဒုတိယမေးခွန်းအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနကိုမေးလိုကြောင်း၊ လက်ရှိသံတမန်အခင်းအကျင်းတွင် မြန်မာအစိုးရအနေဖြင့် ဖိအားပေး၊ ထိုးနှက်ခံရခြင်းကို ကြိမ်ဖန်များစွာ ကြုံတွေ့နေရကြောင်း၊ ကြိမ်ဖန်များစွာဖြစ်လာသည့်အတွက် ဖိအားပေးထိုးနှက်သည့်အဆင့်ထက်ပိုမို၍ တိုင်းပြည်ဂုဏ်သိက္ခာကိုပါ ထိခိုက်လာပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ပယ်ချကြောင်းသာ ထုတ်ပြန်ချက်ထုတ်နေကြောင်း၊ သက်ဆိုင်ရာသံတမန်အသိုင်းအဝိုင်းကို ထိုထက်မက ပိုမိုထိရောက်ပြင်းထန်သည့် လုပ်ဆောင်ချက်များ၊ သက်ဆိုင်ရာနိုင်ငံ၏ သံတမန်ကို ခေါ်ယူကန့်ကွက်ခြင်း လုပ်ဆောင်ခြင်း ရှိ/မရှိ ထိရောက်သည့်ကန့်ကွက်လုပ်ဆောင်ချက် ဆောင်ရွက်မှုမျိုးများ၊ လုပ်ဆောင်နိုင်စွမ်း ရှိ/မရှိ သိလိုကြောင်း၊ တချို့သောနိုင်ငံများကို သံတမန်အဆင့် လျှော့ချထားသည်ကိုသာ သိရှိထားကြောင်း၊ နံပါတ်(၃) မေးခွန်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို မေးမြန်းရခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အဓိကစိန်ခေါ်မှုများသည် နိုင်ငံရေးမတည်ငြိမ်မှု ကသောင်းကနင်းဖြစ်နေသည့် အခြေအနေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မကြာခဏအပြောင်းအလဲဖြစ်ပေါ်နေခြင်း၊ ငွေဈေးမတည်ငြိမ်ခြင်းများ စသည့်များပြားသည့် စိန်ခေါ်မှုများရှိနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံလိုသူများကို မည်ကဲ့သို့သော အာမခံချက်များ လုပ်ပေးနိုင်ပါသလဲ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန် မည်သည့်အတိုင်းအတာအထိ စီမံထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**နိုင်ငံရေးမငြိမ်မသက်ဖြစ်အောင်လုပ်ခြင်းဖြစ်**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ပထမဦးဆုံး Facebook လူမှုကွန်ရက်နှင့် ဆိုင်သည့်ကိစ္စ၊ ဒုတိယက MOFA အနေဖြင့် လုပ်နေသည့် Diplomatic ဆိုင်ရာကိစ္စများ၊ ကန့်ကွက်လွှာများ၊ ထိုကိစ္စများကို MOFA က ပြန်လည်ပြီး ဖြေဆိုမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေလဲနှုန်းများ၊ FDI ကိစ္စများကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားပေးမည်ဖြစ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာနှင့် Facebook ၏ လွှမ်းမိုးလာမှုသည် သတင်းထောက်ကြီးတို့မြင်သည့်အတိုင်း သုံးသပ်သည့်အတိုင်းဖြစ်ကြောင်း၊ မိမိတို့၏အမျိုးသားရေးစရိုက်လက္ခဏာအသီးသီးအပေါ် (National Identity)၊ ယဉ်ကျေးမှုအပေါ်၊ နိုင်ငံရေးအပေါ် တော်တော်များများ လွှမ်းမိုးမှုရှိသည်ကိုတွေ့ရကြောင်း၊ အများအားဖြင့် နိုင်ငံရေးမငြိမ်မသက်ဖြစ်အောင် လုပ်ခြင်းဖြစ်ကြောင်း၊ ယခုလောလောဆယ်ဖြစ်နေသည့် ဆူပူအကြမ်းဖက်မှုများကို အများဆုံးလှုံ့ဆော်နေသည်မှာ Facebook ပေါ်ကဖြစ်ကြောင်း၊ Facebook ကိုင်တွယ်နေသည့်သူများ၊ Facebook နှင့်ပတ်သက်ပြီး ကိုင်တွယ်နေသည့်အဖွဲ့အစည်း က ၎င်းတို့အနေဖြင့် အမြဲတမ်းစောင့်ကြည့်နေသည်၊ ၎င်းတို့ပြောနေသည့် Social Standard နှင့် မကိုက်ညီသည်များကို ပယ်ဖျက်နေသည်ဟု အမျိုးမျိုးပြောနေကြောင်း၊ အမှန်တကယ် မြန်မာနိုင်ငံအနေဖြင့် Facebook ပေါ်တွင် အဖျက်ခံနေရခြင်းသည် အမျိုးသားရေး၊ နိုင်ငံတော်၏ အခြေခံယဉ်ကျေးမှု မူလဖြစ်သည့် အမျိုးဘာသာသာသနာနှင့်ပတ်သက်လာပြီး တင်နေသည်များကို အမြဲတမ်းအဖျက်ခံနေရခြင်းကို တွေ့မြင်ရမည်ဖြစ်ကြောင်း။



ဦးအောင်မင်း
Myanmar Hard Talk သတင်းဌာန

ဥပမာတစ်ခုအနေဖြင့် အစောပိုင်းက ပြသခဲ့သည့် Video ထဲ၌ တပ်မတော်က ရုရှားနိုင်ငံတွင် ပထမဆုံးသွားရောက်ပြီး ယှဉ်ပြိုင်သည့် ဗိုလ်လောင်းများသည် ရွှေတံဆိပ်ဆုရခဲ့ကြောင်း၊ မြန်မာနိုင်ငံတော်အလံကို ရုရှားနိုင်ငံတွင် နိုင်ငံတော်သီချင်းနှင့်အတူ လွှင့်ထူခဲ့သည်ကို မြင်လိမ့်မည်ဖြစ်ကြောင်း၊ ထို Video ကို တပ်မိသားစုများ၊ အရပ်ဘက်ပြည်သူများက Facebook ပေါ်တွင် တင်ကြောင်း၊ Facebook ပေါ်တွင်တင်တိုင်း အမြဲတမ်းဖြုတ်ချခံရကြောင်း၊ ၎င်းတို့သည် မည်သည့် Standard ဖြစ်သနည်း၊ ၎င်းတို့ပြောနေသည့် Social Standard နှင့် မည်သည့်အရာများက ငြိနေသည်ကို မိမိမေးလိုကြောင်း၊ ထိုအကြောင်းအရာသည် အနီးဆုံးရက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည်ကို ပြောခြင်းဖြစ်ကြောင်း၊ မိမိသတင်းစာရှင်းလင်းပွဲအစတွင် ပြောခဲ့ကြောင်း၊ စစ်ကိုင်း၌ ဖြစ်ပျက်ခဲ့သည်များကို ကြည့်ခြင်းအားဖြင့် တော်တော်ကို ရက်စက်ကြောင်း၊ ခရီးသည်တင်ကားပေါ်တွင်လိုက်လာပြီး ပစ်ခတ်ခဲ့ကြောင်း၊ ခရီးသည်များကို အကာအကွယ်ယူပြီး ပစ်ခတ်ခဲ့ကြောင်း၊ အမျိုးသမီးတစ်ယောက်ကို ဖမ်းချုပ်ပြီး ၎င်းရှေ့တွင် အကာအကွယ်ယူပြီး ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းအမျိုးသမီးသည် ညာဘက်ခြေထောက်ကိုသာသေနတ်ထိခဲ့ပြီး သေနတ်ဒဏ်ရာဖြင့် သေဆုံးခြင်းမဟုတ်ကြောင်း၊ ၎င်းသည် PDF အကြမ်းဖက်များ၏ ဓားစာခံလုပ်ခံရခြင်းကြောင့် ထိတ်လန့်ပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း၊ ထိုသို့ပစ်ခတ်ခဲ့ခြင်းများကို လူမှုကွန်ရက်ပေါ်တွင် Live လွှင့်ပြီး တင်နေသည်ကို အတင်မခံခဲ့ကြောင်း၊ မကြာခဏဖြုတ်ချခံခဲ့ရကြောင်း၊ ယခုအချိန်အတွင်း မည်မျှအဖြုတ်ချခံနေရသည်ကို ပြန်လေ့လာကြည့်လျှင် သိနိုင်မည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ ထိုအကြောင်းအရာသည် အမှန်ဖြစ်ကြောင်း၊ တော်တော်ကိုအန္တရာယ်များနေကြောင်း။

**Social Media Platform တစ်ခုကို တီထွင်ဆောင်ရွက်**

မိမိတို့အနေဖြင့် ကန့်သတ်နိုင်ရေး လုပ်ဆောင်နေကြောင်း၊ ကန့်သတ်နေသည်မှာ နည်းနှစ်နည်းရှိကြောင်း၊ ပထမနည်းမှာ ကန့်သတ်နိုင်ရေးလုပ်ဆောင်ချိန် အားလုံးသိသည့်အတိုင်း ကျော်၍ခွ၍ရသည့်နည်းများဖြစ်သည့် VPN ခံပြီး ကျော်နေရသည်များရှိကြောင်း၊ သို့သော် ဆက်လက်ပြီးမလုပ်ဆောင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆောင်ရွက်နေခြင်းများရှိကြောင်း၊ သို့သော် အပြည့်အဝအောင်မြင်မှုများမရရှိသေးကြောင်း၊ ယခုကဲ့သို့ ကန့်သတ်လိုက်ပြီဆိုလျှင် မိမိတို့ နောက်ထပ်လုပ်ရန် တာဝန်ရှိလာသည့် တစ်ခုရှိပါကြောင်း၊ Social Media ကို သုံးစွဲပြီးသားလူတစ်ယောက်သည် မသုံးစွဲဘဲနေ၍မရကြောင်း၊ ၎င်း၏စိတ်အလိုဆန္ဒ ပြည်သူလူထုအပေါ်တွင်လည်း ကြည့်ရမည်ဖြစ်ကြောင်း၊ ထိုနေရာကို အစားထိုးနိုင်ရန်အတွက်လည်း မိမိတို့ Social Media Platform တစ်ခုကို တီထွင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနနှစ်ခု၊ သုံးခုပေါင်းပြီး ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နံပါတ်သုံးအချက်မှာ ကန့်သတ်မှုများဖြစ်ကြောင်း၊ Facebook Team အနေဖြင့် မြန်မာနိုင်ငံတွင် ယခုလောက်ပြ၍ရအောင် မည်သည့်နေရာကနေပြီး မည်သည့်ဝင်ငွေများရရှိအောင် လုပ်နေသလဲဆိုလျှင် ကြော်ငြာများသာဖြစ်ကြောင်း၊ ကြော်ငြာနေသည့်သူများနှင့်ပတ်သက်ပြီး မြန်မာကုမ္ပဏီ၊ မြန်မာနိုင်ငံနှင့်သက်ဆိုင်နေသည့် ကုမ္ပဏီများကိုလည်း မိမိတို့အနေဖြင့် ကန့်သတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တကယ်ဖြစ်ပျက်နေသည့်အန္တရာယ်နှင့်ပတ်သက်ပြီး အသိပေးသည့်အတွက် သတင်းဌာနကိုလည်း ကျေးဇူးတင်ကြောင်း၊ နောက်တစ်ချက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရပ်တည်ချက်၊ နိုင်ငံခြားရေးမူဝါဒ တကယ်ဖြစ်ပျက်နေသည်တို့ကို မတရားစွပ်စွဲနေသည်ကို မိမိပြောပြီးဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ အသေးစိတ်လုပ်ဆောင်မှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြီးပြောကြားသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံတကာသံတမန်ဆက်ဆံရေးစံနှုန်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်**

**နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မြန်မာအစိုးရ၏ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ပြောရမည်ဆိုပါက အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်နက် တည်တံ့ခိုင်မြဲရေးကိုလေးစားသည့် မူဝါဒကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများမှ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရဖိအားပေးရန် ကြိုးပမ်းရာတွင်လည်းကောင်း၊ အခြေအမြစ်မရှိသည့် စွပ်စွဲမှုများပြုလုပ်ရာတွင်လည်းကောင်း မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကြေညာချက်များထုတ်ပြန်ခြင်း၊ သက်ဆိုင်ရာသံရုံးများ (သို့မဟုတ်) နိုင်ငံတကာအဖွဲ့အစည်းများသို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် အကြောင်းကြားခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိသူများကလည်း သံရုံးများ (သို့မဟုတ်) နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များကို ခေါ်ယူတွေ့ဆုံကာ မြန်မာနိုင်ငံအပေါ် သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများ၊ လွှတ်တော်များ၏ မသင့်မလျော် ပြောဆိုဆက်ဆံမှုနှင့်ပတ်သက်၍ နိုင်ငံတကာဆက်ဆံရေးစံနှုန်းများနှင့်အညီ အပြင်းအထန် ကန့်ကွက်ပြောဆိုလျက်ရှိကြောင်း၊ အလားတူ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများမှ အကြီးအကဲများကလည်း သက်ဆိုင်ရာနိုင်ငံများရှိ တာဝန်ရှိသူများကို တူညီသောသတင်းစကားများ အသိပေးပြောကြားကြောင်း၊ နောင်တစ်ချိန် အလားတူဖြစ်စဉ်မျိုး ပေါ်ပေါက်ခဲ့ပါကလည်း မိမိတို့အနေဖြင့် သံတမန်ရေးနည်းလမ်းများနှင့် ကောင်းစွာဖြစ်တည်ပြီးဖြစ်သော သံတမန်ရေးအလေ့အကျင့်ကောင်းများကို နိုင်ငံတကာ သံတမန်ဆက်ဆံရေးစံနှုန်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** တတိယအချက်ဖြစ်သော စီးပွားရေးဆိုင်ရာနှင့် FDI ဆိုင်ရာများ၊ Foreign Exchange Rate အပိုင်းများနှင့်ပတ်သက်ပြီး ဗဟိုဘဏ်နှင့် ရင်းနှီးစီးပွား သို့မဟုတ် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ထိုအဖွဲ့များက သက်ဆိုင်သူများဖြေကြားနိုင်ရန် ပြောကြားသည်။

**မြန်မာကျပ်ငွေ ၁၆၁၅ ဒသမ ၈၁၉ ဘီလီယံ ခန့်မှန်းထား**

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမျိုးသားစီမံကိန်းဥပဒေအရ မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအနေဖြင့် မြန်မာကျပ်ငွေ ၁၆၁၅ ဒသမ ၈၁၉ ဘီလီယံ ခန့်မှန်းထားပြီး အိမ်ရာအဆောက်အအုံတည်ဆောက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍတို့ကို အဓိကထားခွင့်ပြုနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အဓိကအဆိုပြုထားသည်မှာ စက်မှုလုပ်ငန်းအများဆုံးဖြစ်ပြီး လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ရာအဆောက်အအုံလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများပါဝင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွင် တရုတ်နိုင်ငံက အများဆုံးဖြစ်ပြီး ဟောင်ကောင်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား ကိုးခုကို အဆိုပြုထားပြီး အဆိုပြုလွှာတင်လာခဲ့လျှင် ထိုလုပ်ငန်း ကိုးခုကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကြေညာထားပြီးဖြစ်ကြောင်း။

ထိုလုပ်ငန်းကိုးခုမှာ ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်း၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းစသည့် လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ယာဉ်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆီထွက်သီးနှံဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်ပြီး လာရောက်ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်မည်ဆိုလျှင် ရင်းနှီးမြှုပ်နှံသူ ဦးတည်စနစ်(Investor targeting)နည်းလမ်းအား အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံ မှု ဖိတ်ခေါ်ထားသည့် လုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အဆိုပြုလွှာတင်လာမည်ဆိုလျှင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်များကို လိုအပ်သလို လျင်မြန်စွာ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ထိုကိစ္စနှင့်ပတ်သက်ပြီး စီးပွားကူးသန်း Website များတွင် ပြန်လည်ပြီးထုတ်ပြန်လျက်ရှိကြောင်း၊ ဒေသဆိုင်ရာအချက်အလက်များ တကယ်ဖြစ်ပျက်နေသည့်အချက်အလက်များကို ယခုအကြံပေးသွား **စာမျက်နှာ ၁၂ သို့** ❖

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၄၈၅ | ၂၅၀၅ | ၂၄၉၅ | ၂၄၇၀ | ၂၅၆၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၅ | ၂၈၈၅ |
| 95 Ron | ၂၅၂၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၀ | ၂၅၇၅ | ၂၅၅၅ | ၂၆၅၀ | ၂၆၆၅ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၂၅ | ၂၉၄၅ |
| HSD (500 ppm) | ၃၀၀၀ | ၃၀၄၅ | ၃၀၄၀ | ၃၀၀၅ | ၃၀၄၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၃၀ | ၃၁၄၅ | ၃၁၄၀ | ၃၀၃၅ | ၃၀၄၅ | ၃၀၈၀ | ၃၀၈၀ | ၃၀၈၅ | ၃၃၀၀ | ၃၃၄၅ |
| HSD (50 ppm) | ၃၀၈၀ | ၃၁၂၅ | ၃၁၂၅ | ၃၀၈၅ | ၃၁၂၅ | ၃၁၄၅ | ၃၁၄၀ | ၃၁၁၀ | ၃၂၂၅ | ၃၂၂၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၆၀ | ၃၁၆၀ | ၃၁၆၅ | ၃၃၈၀ | ၃၃၈၀ |
| HSD (10 ppm) | ၃၀၈၀ | ၃၁၂၅ | ၃၁၂၅ | ၃၀၈၅ | ၃၁၂၅ | ၃၁၄၅ | ၃၁၄၀ | ၃၁၁၀ | ၃၂၂၅ | ၃၂၂၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၆၀ | ၃၁၆၀ | ၃၁၆၅ | ၃၃၈၀ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၉ | ၂၄၀၉ |
| 95 Ron | ၂၄၀၉ | ၂၄၉၁ |
| HSD (500 ppm) | ၂၈၇၄ | ၂၉၆၁ |
| HSD (50 ppm) | ၂၉၄၉ | ၃၀၃၈ |
| HSD (10 ppm) | ၂၉၄၉ | ၃၀၃၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ စာမျက်နှာ ၁၁ မှ

သကဲ့သို့ မသိသေးသည်မှာ များပြားနေသည်ကို တွေ့ရကြောင်း၊ ၎င်းတို့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီးပွားကူးသန်း၊ ရင်းနှီးစီးပွားအဖွဲ့များနှင့် ကျန်ရှိနေသည့် အဖွဲ့များ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့လုပ်ဆောင်နေသည်များ၊ FDI ဝင်ရောက်လာမှုများ ထုတ်ပြန်နိုင်သည့်သတင်းများကို မြန်မာပိုင်းတွင်သာမက အင်္ဂလိပ်ပိုင်းကိုပါ တတ်နိုင်သမျှထုတ်ပြန်ပေးရန် ပြောလိုကြောင်း၊ မိမိတို့ ချိတ်ဆက်ထားသည့် Information Team ရှိကြောင်း၊ Information Team သို့ ထိုအချက်အလက်များကို ပေးရန်ပြောလိုကြောင်း၊ Media အများစုက Information Team တွင် လာကြည့်ကြကြောင်း၊ ဝန်ကြီးဌာနများမှ ထုတ်ပြန်စေလိုသည့် အချက်အလက်များရှိလျှင် English Section အနေဖြင့်ရော Myanmar Section အနေဖြင့်ပါ Information Team ကိုပေးရန် မိမိ ပြောလိုကြောင်း၊ Information Team ကိုပေးပြီး မိမိတို့ ပြန်တင်ပေးသည့်အချိန်တွင် ပိုမိုပြီး သတင်းပျံ့နှံ့နိုင်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Hard Talk သတင်းဌာနမှ အယ်ဒီတာချုပ် ဦးအောင်မင်း**က လက်ရှိအချိန်တွင် တချို့လူငယ်များသည် ၎င်းတို့ကို နိုင်ငံတော်အစိုးရက ပစ်ပယ်ထားသည်ဟု ခံစားနေသည့်လူငယ်များရှိကြောင်း၊ တချို့လူငယ်များက နိုင်ငံခြားကို ထွက်သွားသည့် လူငယ်များရှိကြောင်း၊ တချို့လူငယ်များက ပြည်တွင်းတွင် ကိုယ်ပိုင်စီးပွားရေး တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေကြကြောင်း၊ တချို့လူငယ်များက အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပညာသင်ကြားနေသည့် လူငယ်များလည်းရှိကြောင်း၊ မြန်မာပြည်ထဲတွင်ရှိနေသည့် ကိုယ်ပိုင်စီးပွားရေးလုပ်နေသည့်လူငယ်များက အကယ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့ကို စီးပွားရေးလုပ်ရန် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးငှားခြင်း အစီအစဉ်ရှိ/ မရှိ သိလိုပါကြောင်း၊ ပညာသင်ယူနေသည့် လူငယ်များအတွက် အချိန်ပိုင်းအလုပ် ဖန်တီးပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**အခွင့်အရေးများ ဖန်တီးပေးနိုင်ရန် ဆောင်ရွက်သွားမည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လူငယ်များအတွက် အကြံပေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ လူငယ်များနှင့်ပတ်သက်ပြီး သီးခြားဆောင်ရွက်ထားခြင်း မရှိသေးကြောင်း၊ အကြံပြုချက်များကို သက်ဆိုင်ရာများသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရင်းနှီးမြှုပ်နှံမှုတိုးတက်ရန် ငွေကျပ်ဘီလီယံ ၄၀၀ ကို ခွင့်ပြုထားသည့်အထဲတွင် ငွေကျပ်ဘီလီယံ ၃၃၀ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ကျန်သည့်ငွေထဲမှ ယင်းအကြံပြုချက်များတွင် သုံး၍ ရ/မရ ဆက်လက်ဆွေးနွေးသွားရမည့် အစီအစဉ်များရှိကြောင်း၊ အစိုးရအနေဖြင့် လူငယ်များနှင့်ပတ်သက်ပြီး ပစ်ပယ်ထားခြင်းမျိုးမရှိကြောင်း၊ ပစ်ပယ်ထားခြင်းမရှိသည့်အတွက်လည်း တောထဲနှင့် တချို့နေရာများတွင် ရောက်ရှိနေသည့်လူငယ်များကိုလည်း ပြန်လာရန် အမြဲဖိတ်ခေါ်ခြင်းများရှိကြောင်း၊ ဖိတ်ခေါ်နေသည့်အပြင် လူငယ်များနှင့်ပတ်သက်ပြီး လူငယ်များကို ပညာရေးတွင်ဆုံးခန်းတိုင်အောင် ပညာသင်ယူကြရန် တိုက်တွန်းလိုကြောင်း၊ လုပ်ငန်းခွင်ရောက်နေသည့်လူငယ်များအတွက်လည်း အခွင့်အရေးများ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ အခွင့်အရေးများ ဖန်တီးပေးနိုင်ရန်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## မင်းကင်းမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



**မင်းကင်း ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မင်းကင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ စကားဝါခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးတင့်လွင်နှင့် အဖွဲ့ဝင်တို့က လူကုန်ကူးခံရခြင်း၏ အကြောင်းရင်းများ၊ လက်ရှိ လူကုန်ကူးမှုဖြစ်ပွားနေမှု အခြေအနေများနှင့် လူကုန်ကူးခံရမှုပုံစံအမျိုးမျိုး၊ လူကုန်ကူးခံရခြင်းမှ ကင်းဝေးစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များနှင့် လူကုန်ကူးမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို အသိပညာပေး ဟောပြောကြသည်။

အဆိုပါ အခမ်းအနားသို့ မင်းကင်းမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ တက်ရောက်ကြကြောင်း သိရသည်။

**မင်းကင်း(ပြန်/ဆက်)**

## Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ဆွစ်ဇာလန်နိုင်ငံသို့ ကော်ဖီစေ့များ တင်ပို့

**တောင်ကြီး ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသည် သမဝါယမအသင်းသားများ စိုက်ပျိုးထားသော ကော်ဖီစေ့များကို တောင်ကြီးမြို့ စီးပွားရေးဇုန်ရှိ Green Gold သမဝါယမအသင်း ဂိုဒေါင်တွင် ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ခြင်း၊ အရည်အသွေး ဆန်းစစ်ခြင်းများ ပြုလုပ်၍ အရည်အသွေး ပြည့်မီသောကော်ဖီစေ့များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် ဆွစ်ဇာလန်နိုင်ငံသို့ အဋ္ဌမအကြိမ်အဖြစ် Green Bean အိတ်ပေါင်း ၇၁၀၊ ကော်ဖီတန်ချိန် ၄၀ ဒသမ ၂ တန် ကွန်တိန်နာ နှစ်လုံးကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစ္စရေးနိုင်ငံ၌ စိုက်ပျိုးရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းမြှင့်တင်မည်

ဂျေရုဆလင် ဩဂုတ် ၂၃

အစ္စရေးနိုင်ငံက စိုက်ပျိုးရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရေး ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းစိုက်ပျိုးရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းအစီအစဉ်အရ နိုင်ငံအတွင်းရှိ ကျေးလက်ဒေသများတွင် လုပ်ငန်းဆောင်ရွက်နေသည့် အသေးစား စီးပွားရေးလုပ်ငန်းများအား ရိုကယ်သုံးသန်း ထောက်ပံ့သွားမည်ဖြစ်ပြီး ခရီးသွားများအတွက် စင်တာများ တည်ဆောက်သွားမည်ဖြစ်ကြောင်း အစ္စရေးစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခု ဆောင်ရွက်မည့်အစီအစဉ်သည် နိုင်ငံအတွင်းရှိ ဒေသများအား စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ခရီးသည်များ လေ့လာရေးစင်တာတွင် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် နိုင်ငံအတွင်းရှိကျေးလက်ဒေသများတွင် လုပ်ငန်းလုပ်ကိုင်မည့် ခရီးသွားလုပ်ငန်းနှင့် ခရီးသည် အပန်းဖြေလုပ်ငန်းများကို မြှင့်တင်သွားမည်ဖြစ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းများကို အကူအညီပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ တိုးမြင့်လာစေရေးအတွက် နိုင်ငံအတွင်း ကျေးလက်ဒေသများရှိ မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ




# တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တွင် လောင်စာဆီကားများ ရောင်းချမှု ၂၀၃၀ ပြည့်နှစ်တွင် ပိတ်ပင်မည်

ဟိုင်ကူး ဩဂုတ် ၂၃

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တွင် လောင်စာဆီဖြင့် မောင်းနှင်သည့်ကားများ ရောင်းချခြင်းကို ၂၀၃၀ ပြည့်နှစ်မှ စတင်၍ ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကာဗွန်လျှော့ချရေးအစီအစဉ်အရ ဟိုင်နန်ပြည်နယ်တွင် အများပြည်သူ အသုံးပြုသည့်ကားများတွင် အသုံးပြုသည့်လောင်စာဆီများကို ၂၀၂၅ ခုနှစ်မှစတင်၍ သန့်စင်သည့်စွမ်းအင် အသုံးပြုသွားမည်ဖြစ်ကြောင်း ဟိုင်နန်ဒေသန္တရအစိုးရက ပြောကြားသည်။ ယင်းကာဗွန်ဓာတ်ငွေ့လျှော့ချရေးအစီအစဉ်တွင် သန့်စင်သည့်စွမ်းအင် အသုံးပြုရသည့်ယာဉ်များအား ဝယ်ယူရေးအခွန်ကောက်ခံမည်ဖြစ်ပြီး ဟိုင်နန်ပြည်နယ်အတွင်းရှိ ကားများအားလုံးကို သန့်စင်သည့်စွမ်းအင် အသုံးပြုသည့်ယာဉ်များအဖြစ် ပြောင်းလဲရေးအစီအစဉ်လည်း ပါဝင်သည်။

တရုတ်နိုင်ငံအတွင်း ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ဓာတ်ငွေ့ကင်းစင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၃၈ သန်းကျော်ရှိလာ

ဟန္နိုင်း ဩဂုတ် ၂၃

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၁၃၈၉၂၆၈ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၃၁၀၆ ဦးရှိလာကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၅၂ ဦးထပ်မံတွေ့ရှိကြောင်းနှင့် အဆိုပါရောဂါ ကူးစက်ခံရသူများအနက် ၅၇ ဦးသည် ပြည်ပမှ ပြန်လည် ရောက်ရှိလာသူများအနက် ကူးစက်ခံရသူများဖြစ်ကာ တခြားကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၁၀၉၀၀၄၈ ဦးသည် ရောဂါမှ ပြန်လည် သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းသွားခဲ့ပြီဖြစ်ကြောင်းနှင့် အဆိုပါအရေအတွက်သည် ကူးစက်ခံရသူစုစုပေါင်း၏ ၈၉ ရာခိုင်နှုန်းနီးပါးရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၅၄ ဒသမ ၈ သန်း ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၁၈ ဒသမ ၁ သန်းကျော်အား အသက် ၁၈ နှစ်နှင့် အထက် အသက်အရွယ်ရှိသူများကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၀၂၅၈ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဩဂုတ် ၂၃

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၀၂၅၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၂၄၄၉၄၇၅ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၅၀၄ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၆၁၆၁ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ဂျာမနီနိုင်ငံ၏ ပို့ကုန်တင်ပို့မှု တစ်လလျှင် ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်း

ဘာလင် ဩဂုတ် ၂၃

ဂျာမနီနိုင်ငံ၏ ဥရောပသမဂ္ဂပြင်ပမှ နိုင်ငံများသို့ ပို့ကုန်တင်ပို့မှုသည်တစ်လလျှင် ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဂျာမနီနိုင်ငံ စာရင်းအင်းရုံးမှ ပြောကြားချက်အရ သိရသည်။

သို့ရာတွင် ပြည်ပသို့တင်ပို့သည့်ပို့ကုန်များမှာ ဈေးနှုန်းရရှိမှုမြင့်မားနေပြီး နှစ်စဉ် ပို့ကုန်တင်ပို့မှုပမာဏ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဂျာမနီ၏ အကြီးမားဆုံး ပို့ကုန်တင်ပို့ရာဈေးကွက်ဖြစ်ပြီး ဂျာမနီမှ အမေရိကန်သို့ နှစ်စဉ် ပို့ကုန်တင်ပို့မှု ၁၄ ဒသမ ၉ ရာခိုင်နှုန်းအထိရှိကာ တန်ဖိုးအားဖြင့် ယူရို ၁၂ ဒသမ ၅ ဘီလီယံရှိပြီး တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည် ၆ ဒသမ ၁ ရာခိုင်နှုန်းရှိကာ တန်ဖိုးအားဖြင့် ယူရို ၈ ဒသမ ၉ ဘီလီယံရှိကြောင်း သိရသည်။

ဂျာမနီနိုင်ငံမှ တရုတ်နိုင်ငံသို့ လျှပ်စစ်ပစ္စည်းတင်ပို့မှုသည် ၄ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ယခုနှစ်ပထမနှစ်ဝက်တွင် ဝင်ငွေ ယူရို ၁၂ ဒသမ ၈ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ လျှပ်စစ်ပစ္စည်းဈေးကွက်သည် ကမ္ဘာတွင် အကြီးဆုံးဖြစ်ကြောင်း ဂျာမနီနိုင်ငံ လျှပ်စစ်နှင့် ဒစ်ဂျစ်တယ်လုပ်ငန်းအဖွဲ့အစည်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

■



# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေး ဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ် စာအုပ်ထုတ်ဝေ




- မြန်မာနိုင်ငံနှင့်သင့်လျော်ကိုက်ညီသည့် အချိုးကျကိုယ်စားပြုစနစ်က ဘယ်လိုလဲ?
- အခြေခံရွေးကောက်ပွဲစနစ်များအကြောင်း
- မြန်မာ့နိုင်ငံရေးပါတီများနှင့် အချိုးကျကိုယ်စားပြုစနစ်
- ဘယ်လိုအချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးမှာလဲ
- မဲပေးမည့်ပြည်သူတွေအတွက် လွယ်ကူသောအချိုးကျကိုယ်စားပြုစနစ်က ဘယ်လိုလဲ
- တိုင်းရင်းသားလူနည်းစုများအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် အချိုးကျပါဝင်နိုင်ကြောင်း အာမခံချက်က ဘာလဲ
- နိုင်ငံရေးစိတ်ပါဝင်စားသူတိုင်း၊ အမတ်လောင်းများအားလုံးနှင့် နိုင်ငံရေးပါတီများ မသိမဖြစ်၊ မရှိမဖြစ် လက်စွဲစာအုပ်ကောင်းတစ်အုပ် ထုတ်ဝေလိုက်ပါပြီ။

## စာပေဗိမာန် ၇၅ နှစ်ပြည့် အထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်တည်ထောင်သည့် ၇၅ နှစ်ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

**ထုတ်ဝေ**

၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် စတင်တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ၇၅ နှစ်တင်းတင်း ပြည့်မြောက်ပြီဖြစ်သည်။ စတင်တည်ထောင်ခါစက မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (Burma Translation Society–BTS) အမည်ဖြင့် ပြည်သူလူထုအတွက် ကမ္ဘာ့ဗဟုသုတရရှိစေမည့် ဘာသာပြန် စာအုပ်စာပေများကို ထုတ်ဝေခဲ့သည်။ ထိုမှ စာပေဗိမာန်အမည်ဖြင့် မြန်မာစာပေ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေမည့် သုတ ရသ စာအုပ်စာပေများစွာကို ထုတ်ဝေ ခဲ့ပြီး မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုခဲ့သည့် ဌာနကြီးဖြစ်သည်။ နှစ်ပေါင်း ၇၅ နှစ်တာ ကာလအတွင်း နိုင်ငံနှင့်ပြည်သူတို့၏ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေမည့် စာကောင်းပေမွန်များကို ထုတ်ဝေလျက် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိနေသည့် မြန်မာနိုင်ငံ၏ စာပေအထောက်အကူပြု စာပေထုတ်ဝေရေးဌာနကြီးလည်းဖြစ်သည်။

စာပေဗိမာန် ၇၅ နှစ်ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းတွင် စာပေဗိမာန်၏ သမိုင်းဆိုင်ရာ အကြောင်းရပ်များနှင့်အတူ စာပေဗိမာန်နှင့် နီးနွှယ်ခဲ့သည့် စာပေပညာရှင်များ၊ စာပေဗိမာန်တွင် တာဝန်ထမ်းဆောင်ဆဲနှင့် တာဝန်ထမ်းဆောင်ခဲ့သည့် စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ စာတည်းများ၏ စာပေဗိမာန်ဆိုင်ရာ အမှတ်တရ ဆောင်းပါးများပါဝင်ပြီး စုစုပေါင်းဆောင်းပါး ၃၆ ပုဒ်နှင့် ကဗျာ ၉ ပုဒ် ဖော်ပြထားသည်။

မဂ္ဂဇင်းတွင် ဆရာနောင်၊ ဆရာမြင်းမူမောင်နိုင်မိုး၊ ဆရာဇော်မင်းမင်းဦး၊ ဆရာမျိုးမြတ်မြတ် မြင့်မောင်၊ ဆရာမောင်စိမ်းနောင် (လယ်ဝေး)၊ ဆရာမင်းခန့်ရွှေ၊ ဆရာမရွှေမြိုင်ပြုံးလွဲ့မော်၊ ဆရာစိုးတင့်ထူး (မအူပင်)၊ ဆရာမမြတ်နိုးဦး(စာပေဗိမာန်) တို့၏ ကဗျာများ၊ ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာတက္ကသိုလ်မြတ်သူ၊ ဆရာချစ်နိုင် (စိတ်ပညာ)၊ ဆရာသူရဇော်၊ ဆရာဦးအေးချို(မဟာဝိဇ္ဇာ)၊ ဆရာမ မစန္ဒာ၊ ဆရာဟိန်းလတ်၊ ဆရာမောင်မိုးယံ၊ ဆရာမောင်ဆွေငယ်၊ ဆရာလင်း(ဆေး–၁)၊ ဆရာနေသူရိန်၊ ဆရာပန်းချီလှတင်ထွန်း၊ ဆရာမင်းချမ်းမွန်၊ ဆရာမင်းခန့်ရွှေ၊ ဆရာကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ဆရာ စိုးစိုး(ပန်းတောင်း)၊ ဆရာညွှန့်ဟံ (ကြူတော)၊ ဆရာခင်မောင်လေး (KML)၊ ဆရာမဒီဇင်ဘာမွန်း၊ ဆရာ နွေသင်နိုင်၊ ဆရာမနန်းညွှန့်ယဉ်ခမ်း၊ ဆရာမဝါဝါ(အင်းစိန်)၊ ဆရာမဇင်(ရန်ကုန်တက္ကသိုလ်)၊ ဆရာ တက္ကသိုလ်ဆန်းတင့်နိုင်၊ ဆရာမယဉ်မင်းထွေး(စာပေဗိမာန်)၊ ဆရာမ ရှင်စောဖြူ၊ ဆရာမသန်းသန်းစီ (စာပေဗိမာန်)၊ ဆရာမရီဝေဝေလှိုင် (စာပေဗိမာန်)၊ ဆရာမလင်းထက်သော်တာ၊ ဆရာမကြည်ကြည်ဝင်း (စာပေဗိမာန်)၊ ဆရာကိုခက်ဝေ၊ ဆရာမသက်မြတ်မှူးခင်၊ ဆရာ စိုးနိုင်ထွန်း(စာပေဗိမာန်)၊ ဆရာမ အိအိငယ်၊ ဆရာမတင်တင်ဝင်း (စာပေဗိမာန်)၊ ဆရာမမြတ်နိုးဦးတို့၏ ဆောင်းပါးများ ပါဝင်သည်။

မဂ္ဂဇင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဥယျောဇဉ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဥယျောဇဉ်နှင့် စာတည်းမှူးချုပ်၏ အမှာစာနှင့်အတူ ရောင်စုံမှတ်တမ်းဓာတ်ပုံများကို ဝေဆာစွာ ထည့်သွင်းဖော်ပြထားသည်။

**ဝယ်ယူရရှိနိုင်**

စာပေဗိမာန် ၇၅ နှစ်ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းတွင် စာမျက်နှာ ၂၅၁ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉– ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁–၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈)၊ အမှတ် (တ–၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇–၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆) တို့တွင် ၂၆–၈–၂၀၂၂ ရက်မှစ၍ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ညောင်လေးပင်မြို့နယ်တွင် ခရိုင်အဆင့် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ

ညောင်လေးပင် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ်တွင် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ခရိုင်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှကြီးမှူး၍ ယနေ့နံနက် ၈ နာရီတွင် ဟုတ်လင်ကွမ်အင်း တရုတ်ဘုံကျောင်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီးက မင်္ဂလာဖားစည် ကိုးချက်တီးကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး အဖွင့်အမှာစကား ပြောကြားရာတွင် ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားသည် ကွဲကွာနေကြသည့် ဆွေမျိုးများ၊ မိသားစုများ ပြန်လည်ဆုံတွေ့ကြရန်၊ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်ကြရန်၊ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဝတ်စားဆင်ယင်မှုများ မပျောက်ကွယ်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပသည့် ပွဲဖြစ်ကြောင်း၊ ကရင်တိုင်းရင်းသားများသည် ဘာသာရေးနှင့် ရိုးရာဓလေ့ပွဲတော်များကို အချိန်ရာသီအလိုက် ကျင်းပလေ့ရှိပြီး ယခုကျင်းပသည့် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာကို ရှေးဘိုးဘွားများက ထိန်းသိမ်းလာခဲ့ကြသလို နောင်လာနောက်သား ကရင်လူငယ်များကလည်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက နှုတ်ခွန်းဆက်စကား ပြောကြားကာ ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသောဧည့်သည်တော်များအား ကရင်ရိုးရာ ဒုံးယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

ယင်းနောက် ကရင် အဘိုးအဘွားများက ဧည့်သည်တော်ကြီးများ၊ လူငယ်မောင်မယ်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအား ချည်ဖြူဖွဲ့ပေးခဲ့ကြောင်း သိရသည်။

ခင်မောင်လွင်(ညောင်လေးပင်)

## မော်လမြိုင်မြို့၌ စာသင်ကျောင်းများအရောက် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

မော်လမြိုင် ဩဂုတ် ၂၃

မော်လမြိုင်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ပညာရေးဌာနနှင့်ပူးပေါင်း၍ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ယနေ့နံနက်က သုခဝတီ အထက်တန်းကျောင်းနှင့် အား/ကာသိပ္ပံအထက်တန်းကျောင်းများသို့ သုတရသစာအုပ် စာစောင်မျိုးစုံယူဆောင်၍ သွားရောက်ငှားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်များငှားရမ်းပေးရာတွင် ရုပ်ပြနှင့်အသိပညာ ဗဟုသုတများစွာရရှိမည့် သုတ/ ရသစာအုပ်စာစောင်များ စုံလင်စွာ ငှားရမ်းပေးခဲ့ပြီး ငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တ နှစ်ပတ်လျှင် တစ်ကြိမ် လဲလှယ်စနစ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် စာအုပ်စာစောင်များ ခင်းကျင်းပြသပေးကာ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများကို ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



**✻ ကျောဖုံးမှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးကို ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၂၃**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်မှ PDF အဖွဲ့ဝင်တစ်ဦးကို ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် လှိုင်းဘွဲ့တပ်နယ်ခန်းမ၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**လွှဲပြောင်းအပ်နှံ**

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

**ကြိုဆိုလက်ခံသွားမည်**

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ စာပေဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေး နံရံကပ်ဓာတ်ပုံပြပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်) အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေး နံရံကပ်ဓာတ်ပုံပြပွဲများကို ယနေ့နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရောဝတီခန်းမ၌ ကျင်းပသည်။



အဆိုပါ အခန်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က စာပေမှ ရရှိသည့် အကျိုးကျေးဇူး၊ စာပေကျေးဇူးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်သတင်းစာဆရာအသင်းနှင့် မြို့နယ် စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိတောင်တွင်းကြီး) က စာအုပ်စာပေလူ့မိတ်ဆွေခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြသည်။

ထို့နောက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် စာပေဥယျာဉ်အသင်းတို့က ကျောင်း စာကြည့်တိုက်အတွက် စာအုပ်များပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသူများက ပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်ဓာတ်ပုံပြပွဲများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

**❍ လီဗာပူးအသင်းမှ**

လီဗာပူးအသင်းနဲ့ ပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၆ မိနစ်မှာ ဆန်ချိုနဲ့ ၅၃ မိနစ်မှာ ရက်ရှ်ဖို့ဒ်တို့က သွင်းယူပေးခဲ့တာဖြစ်ပြီး လီဗာပူးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ တိုက်စစ်မှူး ဆာလာက ပွဲကစားချိန် ၈၁ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီက အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ လီဗာပူးအသင်းကို ငါးဂိုးပြတ်နဲ့ လီဗာပူးအသင်းရဲ့ အိမ်ကွင်းအန်ဖီးလ်မှာ လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ ရှုံးကြွေးတွေကို ပြန်လည်ဆပ်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ပရီမီယာလိဂ်ရာသီအဖွင့်နှစ်ပွဲမှာ ရှုံးပွဲကြုံတွေ့ခဲ့တဲ့ မန်ယူအသင်းဟာ လက်ရှိပရီမီယာလိဂ်ပွဲစဉ်သုံးပွဲကစားပြီးချိန်မှာ ရမှတ်သုံးမှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၄ နေရာတွင် ရပ်တည်ခဲ့ပြီး လီဗာပူးအသင်းကတော့ သုံးပွဲကစားပြီးချိန်မှာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ရမှတ်နှစ်မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့် ၁၆ နေရာမှာ ရပ်တည်နေခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

**❖ MNL မှ**

ကချင်ယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးသာ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးပြတ်သွင်းယူခဲ့သဖြင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၂၊ ၂၅၊ ၄၉ မိနစ်တို့တွင် ဇော်မွန်အောင်၊ ၆၅၊ ၈၃ မိနစ်တို့တွင် စိုင်းအောင်၊ ၇၈၊ ၈၆ မိနစ်တို့တွင် S Gun Lum တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၄) ဒုတိယနေ့အဖြစ် ဩဂုတ် ၂၅ ရက်တွင် မောရဝတီအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် တစ်ပင်ကောင်းမြောက်ကျေးရွာနေ ဖိုးချဲ(ခ) မောင်မောင်သည် ၎င်းအသုံးပြုသည့် “Mg Mg” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ပွင့်ဦးမွန် (ခ) ပိစိသည် ၎င်းအသုံးပြုသည့် “Pwint Oo Mon” Facebook အကောင့်၊ မိုးကုတ်မြို့နယ် အောက်ပိန်းပစ်ကျေးရွာနေ မြင့်သန်း(ခ)အုပ်ကြီးသည် ၎င်းအသုံးပြုသည့် “Myint Than” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက်နေ ဝေနှင်းထွန်းသည် ၎င်းအသုံးပြုသည့် “Wai Hnin Htun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၀၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၅၂)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၁) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၅၂)ဦးအနက် (၁၈)ဦး (၃၄.၆၂) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၃၄)ဦး (၆၅.၃၈) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၈၃,၇၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၇၄၈) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၃၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၈) ဦး | (၃၄.၆၂) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၃၄) ဦး | (၆၅.၃၈) % |
| **စုစုပေါင်း** | **(၅၂) ဦး** | **(၁၀၀) %** |

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၅၄၄၉၆၀၆ | ၉၀၈၉၃၁၅၁ | ၁၀၆၆၀၈၂ |
| ၂။ | အိန္ဒိယ | ၄၄၃၅၇၅၄၆ | ၄၃၇၃၃၆၂၄ | ၅၂၇၄၁၆ |
| ၃။ | ပြင်သစ် | ၃၄၃၅၈၆၂၄ | ၃၃၇၆၇၇၂၆ | ၁၅၃၆၁၇ |
| ၄။ | ဘရာဇီး | ၃၄၂၉၁၀၈၂ | ၃၃၂၁၉၆၄၃ | ၆၈၂၇၄၆ |
| ၅။ | ဂျာမနီ | ၃၁၈၆၈၆၃၉ | ၃၀၈၃၀၂၀၀ | ၁၄၆၆၅၀ |
| ၆။ | ဗြိတိန် | ၂၃၄၆၀၇၈၇ | ၂၃၁၂၈၃၀၂ | ၁၈၇၀၁၈ |
| ၇။ | တောင်ကိုရီးယား | ၂၂၄၄၉၄၇၅ | ၂၀၂၄၆၉၀၂ | ၂၆၁၆၁ |
| ၈။ | အီတလီ | ၂၁၆၆၀၈၈၅ | ၂၀၇၁၉၀၁၁ | ၁၇၄၇၉၇ |
| ၉။ | ရုရှား | ၁၉၁၈၁၃၇၁ | ၁၈၃၃၇၇၃၆ | ၃၈၃၆၈၆ |
| ၁၀။ | ဂျပန် | ၁၇၃၂၅၀၂၅ | ၁၅၂၅၅၅၀၅ | ၃၇၂၇၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၈၉၂၆၈ | ၁၀၀၉၀၀၄၈ | ၄၃၁၀၆ |
| ၂။ | အင်ဒိုနီးရှား | ၆၃၂၃၇၁၅ | ၆၁၁၇၇၉၂ | ၁၅၇၄၂၀ |
| ၃။ | မလေးရှား | ၄၇၅၉၈၃၀ | ၄၆၈၅၉၇၉ | ၃၆၁၅၅ |
| ၄။ | ထိုင်း | ၄၆၃၇၁၉၉ | ၄၅၈၇၂၂၁ | ၃၂၀၈၄ |
| ၅။ | ဖိလစ်ပိုင် | ၃၈၆၀၅၃၇ | ၃၇၆၇၅၆၉ | ၆၁၄၂၆ |
| ၆။ | စင်ကာပူ | ၁၈၁၈၅၆၀ | ၁၇၃၉၆၁၄ | ၁၅၈၄ |
| ၇။ | မြန်မာ | ၆၁၄၇၄၈ | ၅၉၃၃၁၅ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၃၃၇၀ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၄၇၆ | ၁၃၄၂၀၉ | ၃၀၅၆ |

## ကျိုက်ထိုမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆင်း

ကျိုက်ထို ဩဂုတ် ၂၃

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်း (ဘက်စုံသုံးဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ မျက်နှာသစ်ဆပ်ပြာခဲ) ပြုလုပ်နည်းသင်တန်းကို ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ သင်တန်းပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ ကျိုက်ပိကျေးရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီး ကျိုက်ပိကျေးရွာအုပ်ချုပ်ရေးမှူးက သင်တန်းသူများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

JJJ



## မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်း

ရေတာရှည် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် မြစိမ်းရောင်ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဝင်များ ရွေးချယ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျွဲရိုင်ပြင်ကျေးရွာအုပ်စု စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိ ဘိုတဲစုကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စီမံကိန်းကော်မတီအဖွဲ့ဝင် ခုနစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)



## ကျောင်းကုန်းမြို့၌ စာအုပ်စာစောင်များ လိုက်လံငှားရမ်း

ကျောင်းကုန်း ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွေ့လျားစနစ်ဖြင့် စာအုပ်များငှားရမ်းပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနရုံးတို့သို့ သွားရောက်ငှားရမ်းပေးခဲ့ကြသည်။ ဝင်းကြိုင်(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဒေါ်ခေမာ၏ရင်ထဲမှာ သိမ့်ခနဲ ခံစားလိုက်ရသည်။ ပူနွေးလာသည်။ တုန်ယင်လာသည်။ တစ်စုံတစ်ခုသော အင်အားရပ်က သူ့ခြေထောက်များကို တံ့ဆွဲထားသလိုရှိသည်။ တစ်ပြိုင်နက်တည်းမှာပင် တစ်စုံတစ်ခုသော အင်အားရပ်က သူ့အား အားပေးအားမြှောက် ပြုနေသည်။ ခြေကို လှမ်းစေရန် တိုက်တွန်းနေဘိသည်သို့ ရှိသည်။ ယင်းအင်အား နှစ်ရပ်ကြား၌ ဒေါ်ခေမာသည် ဝေခွဲမရသလို ရှိနေသည်။

ဒေါ်ခေမာသည် ပင်ပန်းနေသည်။ နွမ်းနယ်နေသည်။ အပူရှိန်ကြောင့်ချည်းတော့ မဟုတ်၊ ပင်ကိုက အားနည်းနေသောကြောင့်လည်း ဖြစ်မည်ထင်သည်။ ခေါင်းမှာ တဒိန်းဒိန်း ကိုက်နေသည်။ ရင်ကလည်း တလှပ်လှပ်နှင့်။ ရေငတ်သလို ပါးစပ်မှာ ချွဲကျိနေသည်။ တစ်ခါတစ်ရံ မျက်ရည်ပူများ စီးကျကာ မြင်ကွင်းက ဝါး၍သွားတတ်သေးသည်။ ခေါင်းပေါ်မှာ ဆောင်းလာသော သင်္ကန်းတဘက်ကို ယူကာ မျက်ရည်ပူများကို သုတ်ပစ်ရသည်။

**"အန္တရံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ၊ အဝဿံ မယာ မရိတဗ္ဗမေဝ မရဏာ၊ ပရိယောသနံ မေ ဇီဝိတံ၊ ဇီဝိတ မေဝ အနိယတံ၊ မရဏံ နိယတံ"**

**"ငါ၏ အသက်သည် မမြဲခဲ့၊ ငါ၏ သေခြင်းသည် မြဲခဲ့၏။ မချွတ်ဧကံ အမှန်စင်စစ် သေရမည်သာ၊ ငါ၏အသက်သည် သေခြင်းအဆုံးရှိ၏။ အသက်သည် မမြဲသည်သာ၊ သေခြင်းသည်မြဲ၏"**

ပါးစပ်က မတိုးမကျယ် သံဝေဂဂါထာကို ညည်းညူနေမိသော်လည်း အကြည့်က ခြံဆီသို့သာ ရောက်နေသည်။ ခြံအတွင်းသို့ ကားတစ်စီး မောင်းဝင်သွားသည်ကို မြင်လိုက်ရသည်။

ဘယ်သူတွေပါလိမ့်၊ ဘာလာလုပ်ကြပါလိမ့်။ သည်အိမ်မှာ လူသူများပြားနေမည်ကို မလိုလားမိ။ လူသူ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေမည်ကို စိတ်က အနှောင့်အယှက်ဖြစ်လာသည်။ မနေ့က သည်နေရာက ဖြတ်သွားရစဉ် လူရှင်းနေသည်။ ခြံတံခါး ပိတ်ထားသည်။ အိမ်ထဲမှာပင် လူရိပ်လူယောင်မရှိ။

မနေ့က ဒေါ်ခေမာသည် ကိုကျော့မောင်နှင့်အတူ ဘတ်စ်ကားစီး၍ သည်လမ်းမှ ဖြတ်ခဲ့ကြသည်။ ကိုကျော့မောင်က သည်အိမ်မှာ နန်းကိန္နရီနေသည်ဟု ပြခဲ့သည်။ ကိုကျော့မောင်အနေဖြင့် လိုလိုချင်ချင် ပြခဲ့သည်ကား မဟုတ်။ သူသည် ရေနံချောင်းမှသည် ရန်ကုန်သို့ ဒေါ်ခေမာအား ခေါ်ဆောင်ခဲ့သော်လည်း နန်းကိန္နရီရှိသော နေရာကို ပြပေးပါဆိုသည့်အခါ အင်တင်တင် လုပ်နေသည်။ နောက်မှ လိုက်ပြပေးခြင်းဖြစ်သည်။

သည်ကနေ့တွင်မူ ဒေါ်ခေမာသည် သူ့အကူအညီ မယူဘဲ တစ်ကိုယ်တည်း ထွက်လာခဲ့လေသည်။

ကိုကျော့မောင်ကတော့ အပြောသား။ အေးအေးဆေးဆေး ဆွေးဆွေးနွေးနွေးလုပ်ပြီးမှ သွားရောက်တွေ့ဆုံဖို့ ဖြစ်သည်။ သို့ပေမဲ့ ဒေါ်ခေမာ မစောင့်ချင်တော့၊ မစောင့်လိုတော့။ အေးအေးဆေးဆေး ဆွေးနွေးပြီးမှ သွားရောက်ခြင်းလည်း မပြုချင်။

"သူတို့က ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ မသိစေချင်ပါဘူး။ ကျွန်မဘာသာ သူတို့ကို မြင်ရတွေ့ရရင် တော်ပါပြီ ကိုကျော့မောင်။ ကျွန်မ သူတို့ဆီ ရောက်လာတယ်ဆိုတာကိုတောင် သူတို့မရိပ်မိစေချင်ဘူး"

ဒေါ်ခေမာက ကိုကျော့မောင်၏ စကားကို ငြင်းပယ်ကာ အချိန်ကြာမြင့်သည်အထိ မစောင့်တော့ဘဲ အထီးတည်းလာခဲ့သည်။ ယခုမူ သူတို့ရှိရာ အရပ်နှင့် နီးကပ်လာလေပြီ။ သူတို့ မျက်နှာများကို မြင်တွေ့ရဖို့အချိန် မဝေးတော့။ ထိုအခါကျမှပင် ရင်များခုန်လာလျက် ခြေလှမ်းတုံ့နေမိသေးတော့သည်။

ဒေါ်ခေမာသည် သစ်ပင်ရိပ်အောက်မှ ထွက်လိုက်သည်။ နေပူရှိန်နှင့် ထိတွေ့ရသည်။ နေပူရှိန်သည် ကိုယ်အတွင်းမှ သွေးကို ဆူဝေစေတော့မည့်နှယ် ပူလောင်လှသည်။ သူသည် သင်္ကန်းတဘက်ကို ခေါက်လျက် ခေါင်းပေါ်သို့ တင်ထားသည်။ မျက်နှာကို သင်္ကန်းဖြင့် တစ်စွန်းတစ်စ ဖုံးထားသည်။

တွေ့ရပါလေပြီ။ ပင်လယ်ကန်စွန်းစည်းရိုးနှင့် အိမ်။ ခြံအတွင်းမှာ မော်တော်ကားသုံးစီး ရပ်ထားသည်။ အိမ်အတွင်းမှာ လူအချို့ သွားလာလှုပ်ရှားနေကြသည်။ ဒေါ်ခေမာ၏ရင်မှာ ပိုမိုတုန်လှုပ်လာသည်။ သွေးခုန်နှုန်းသည် မြန်ဆန်လာသည်။ အဘယ်ကြောင့်ဟူ၍တော့ မသိ၊ ချောက်ချားခြင်းသည် တစ်ကိုယ်လုံးကို လွှမ်းမိုးလာသည်။

အိမ်အတွင်းဝယ် နန်းကိန္နရီသည် အလုပ်ရှုပ်လျက်ရှိသည်။ အိမ်တွင် လက်တိုလက်တောင်း ခိုင်းထားသော မိန်းကလေးတစ်ယောက်ရှိသည်။

"ဒေါ်ခေမာသည် ခြံအတွင်းသို့ အရဲစွန့် ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။ မည်သို့ဖြစ်စေ သည်နေရာသို့ ရောက်ပြီးခါမှတော့ သည်အတိုင်း မပြန်ချင်။ သမီးနှင့်မြေးကို တွေ့ဖြစ်အောင် တွေ့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။ အနီးကပ်၍ မြင်ရလေမှပင် ကလေးချီထားသူမှာ ဒေါ်ရေနံ့သာခင်ခင်ကြီး၏သမီး နွယ်နွယ်ထွန်းဆိုသူဖြစ်မည်ဟု သိလာသည်။ နန်းကိန္နရီသည် မီးဖိုခန်းနှင့် ဧည့်ခန်းသို့ ကူးချည်သန်းချည်ပြုနေသည်။ အိမ်ရှင်မရုပ်ရည် ပီသသော နန်းကိန္နရီကို ဒေါ်ခေမာ မိမိသမီးအဖြစ် မှတ်မိလာသည်။ လူအားလုံးအနက် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒေါ်ခေမာအား အနီးကပ်ကပ် အမှတ်ထင်ထင် မြင်တွေ့ . . ."

ထိုမိန်းကလေးနှင့် နန်းကိန္နရီတို့သည် ခေါက်ဆွဲပန်းကန်များ ပြင်နေသည်။ မျိုးထွန်းသိန်းက သူတို့ကို အကူအညီပေးနေသည်။ စောစောကပင် ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်နှင့် နွယ်နွယ်ထွန်းတို့ ရောက်လာကြသည်။ နွယ်နွယ်ထွန်းသည် စနေနေ့က ဦးကျော်ထွန်းတို့အိမ်သို့ သွားရောက် အိပ်စက်သည်။ ထို့ကြောင့် ဦးကျော်ထွန်းတို့နှင့်အတူ ရောက်လာခြင်းဖြစ်သည်။ မျိုးထွန်းသိန်း၏ မိတ်ဆွေအချို့တို့သည်လည်း ရောက်နှင့်နေပြီ။ ဒေါ်ရေနံ့သာခင်ခင်ကြီးတစ်ယောက်သာ ရောက်ရှိရန် ကျန်ပေတော့သည်။

သည်ကနေ့ ကိုကိုဦး ခြောက်လပြည့်သောနေ့။ သည်ကနေ့ အိမ်မှာ အုန်းနို့ခေါက်ဆွဲ လုပ်စားကြသည်။ ဧည့်ပရိသတ် စုံစုံလင်လင် ရောက်နေကြသည်။ နွယ်နွယ်ထွန်းသည် ကလေးကို ချီထားသည်။ ချော့မြှူနေသည်။

ဒေါ်ခေမာသည် ခြံတံခါးပေါက်မှနေကာ အိမ်အတွင်းသို့ လှမ်းကြည့်လိုက်သည်။ ကလေးချီထားသော နွယ်နွယ်ထွန်း၏အသွင်ကို ခပ်ဝါးဝါး မြင်ရသည်။ သူ့စိတ်တွင် ကလေးချီထားသူမှာ နန်းကိန္နရီကိုယ်တိုင်ပင် ဖြစ်ပေလိမ့်မည်ဟု ထင်နေသည်။ သူ့ရင်ထဲမှာ မောလာသည်။ အိမ်အတွင်းသို့ မည်သို့ဝင်ရပါလိမ့်၊ သမီးနှင့် မြေးဖြစ်သူအား မည်သို့တွေ့ဆုံရပါလိမ့်။ အခြေအနေက ထင်သလောက် မလွယ်လှပါကလားဟု တွေးမိလာသည်။ သမီးဖြစ်သူ၊ မြေးဖြစ်သူနှင့်မှ တိုက်ရိုက်တွေ့ဆုံနိုင်ခွင့်မရှိသော ဘဝပါကလားဟု စဉ်းစားမိကာ ရင်ထဲမှာ နာလာသည်။ မျက်ရည် ရစ်ဝိုင်းလာသည်။

ယင်းအခိုက်မှာပင် ကျောဘက်ဆီမှ ကျယ်လောင်သော မော်တော်ကားဟွန်းသံကို ကြားရသည်။ ဒေါ်ခေမာသည် တုန်လှုပ်သွားသည်။ လန့်ဖျပ်သွားသည်။ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

လှည့်ကြည့်လိုက်သောအခါ မိမိကျောနောက်မှာ ရပ်နေသော မော်တော်ကားကို မြင်လိုက်ရသည်။

ကားက မာစီဒီးအမျိုးအစား။ ကားပေါ်မှာပါလာသူက ဒေါ်ရေနံ့သာခင်ခင်ကြီး။

ဒေါ်ခေမာသည် ဒေါ်ရေနံ့သာခင်ခင်ကြီးအား ရုတ်ခြည်းမှာပင် မှတ်မိလိုက်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မော်တော်ကား နောက်ဘက်ထိုင်ခုံ၌ ထိုင်နေခြင်းဖြစ်သည်။ ကားမောင်းသူသည် စိတ်မရှည်နိုင်သလို ဟွန်းကိုထပ်၍ နှိပ်လိုက်သည်။ ထိုအခါတွင်မှ ဒေါ်ခေမာသည် ကားကို ခြံအတွင်း ဝင်သာစေရန် လမ်းဖယ်ပေးမိသည်။ သူက သံသယရှင်းစေရန် "ဒါနဆန် မေတ္တာရပ်ခံပါတယ်" ဟု ဆိုလိုက်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကြီးမားသော ရွှေရောင်လက်ပွေ့အိတ်ကို လှမ်းယူလိုက်သည်။ လက်ပွေ့အိတ်အတွင်းမှ နှစ်ဆယ်တန်တစ်ရွက်ကို ထုတ်ယူလိုက်သည်။ သူက လေးလေးစားစား အမူအရာဖြင့်ပင် နှစ်ဆယ်တန်ကို ဒေါ်ခေမာ၏ရှေ့သို့ တိုးပေးလိုက်သည်။ ဒေါ်ခေမာသည် နှစ်ဆယ်တန်ကို ဆွဲယူရန် မဝံ့မရဲဖြစ်နေသည်။ လက်မလှမ်းလိုက်မိဘဲ ရှိသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အကြည့်သည် ဒေါ်ခေမာ၏ မျက်နှာပေါ်သို့ ကျရောက်လာသည်။ အစသော် နားမလည်နိုင်သလို ဖြစ်သွားသည်။ နောက်တော့ တစ်စုံတစ်ရာ ထူးခြားသလို ဖြစ်သွားလျက် အကြည့်သည် ပိုမိုစူးစိုက်လာလေသည်။

"ယူပါ၊ အကုန်လုံး လှူတာပါ"

ဒေါ်ရေနံ့သာခင်ခင်ကြီးက ဆိုသည်။

ဒေါ်ခေမာသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို ကြည့်နေရာမှ ကပျာကယာ မျက်လွှာချလိုက်သည်။ နှစ်ဆယ်တန်ကို လှမ်းယူလိုက်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးက လက်ပြလိုက်သဖြင့် မော်တော်ကားသည်ခြံအတွင်းမောင်းဝင်သွားသည်။ ဒေါ်ခေမာမှာမူကား နှစ်ဆယ်တန်ကိုကိုင်လျက် ငူငူငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့လေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး ရောက်လာသဖြင့် အိမ်မှာ စည်ကားလာသည်။ သိုက်မြိုက်လာသည်။ အုန်းနို့ခေါက်ဆွဲဝိုင်းများကို ပြင်လိုက်ကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့်အတူ ကလေးအတွက် ရွှေခြေထိတ်တစ်စုံ ပါလာသည်။ ကလေးကို ဝိုင်း၍ ဝတ်ဆင်ပေးကြသည်။

မျိုးထွန်းသိန်းသည် အိမ်ရှေ့သို့ လှမ်းကြည့်ပြီးနောက် "ဘာပါလိမ့်" ဟု ဆိုလိုက်သည်။ မျိုးထွန်းသိန်း ကြည့်ရာသို့ အားလုံး လှမ်းကြည့်လိုက်မိကြသည်။ အိမ်ခြံအတွင်း ဝင်လာသော သီလရှင်တစ်ပါးကို တွေ့ကြရသည်။

"အလှူလာခံတာ ထင်ပါရဲ့"

တစ်ယောက်က မှတ်ချက်ချသည်။

ဒေါ်ခေမာသည် ခြံအတွင်းသို့ အရဲစွန့် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ မည်သို့ဖြစ်စေ သည်နေရာသို့ ရောက်ပြီးခါမှတော့ သည်အတိုင်း မပြန်ချင်။ သမီးနှင့် မြေးကို တွေ့ဖြစ်အောင် တွေ့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

အနီးကပ်၍ မြင်ရလေမှပင် ကလေးချီထားသူမှာ ဒေါ်ရေနံ့သာခင်ခင်ကြီး၏သမီး နွယ်နွယ်ထွန်းဆိုသူ ဖြစ်မည်ဟု သိလာသည်။ နန်းကိန္နရီသည် မီးဖိုခန်းနှင့် ဧည့်ခန်းသို့ ကူးချည်သန်းချည် ပြုနေသည်။ အိမ်ရှင်မရုပ်ရည်ပီသသော နန်းကိန္နရီကို ဒေါ်ခေမာ မိမိသမီးအဖြစ် မှတ်မိလာသည်။

လူအားလုံးအနက် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒေါ်ခေမာအား အနီးကပ်ကပ် အမှတ်ထင်ထင် မြင်တွေ့ခဲ့ရသောကြောင့် ဖြစ်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏စိတ်ထဲတွင် သည်မျက်နှာမျိုးကို မြင်တွေ့ဖူးသည်ဟု ထင်နေမိသည်။ ပြီးလျှင် သူ့အမူအရာကိုလည်း စိတ်က တယ်ပြီးမသင်္ကာချင်။ ခိုးကြောင်ခိုးဝှက် အမူအရာဖြင့် အိမ်အတွင်း လှမ်းလှမ်းကြည့်နေသည်ကို သံသယဖြစ်နေမိသည်။

"ရေတစ်ပေါက်လောက် သောက်ပါရစေရှင်"

ဒေါ်ခေမာသည် အားယူ၍ ပြောလိုက်သည်။

နန်းကိန္နရီထွက်လာသည်။ ဒေါ်ခေမာ၏ စကားကို ကြားလိုက်သည်။ မျိုးထွန်းသိန်းက "ရေသောက်ချင်လို့တဲ့" ဟု လှမ်းပြောသည်။ နန်းကိန္နရီသည် မီးဖိုခန်းသို့ ပြန်ဝင်သည်။

ဒေါ်ခေမာသည် နွယ်နွယ်ထွန်း၏ ရင်ခွင်ထဲမှ ကလေးကို လှမ်းကြည့်သည်။ ကလေးက ချစ်စရာကလေးပါကလား။ ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ်ကလေး။ မိမိ၏သွေး မိမိ၏မြေး။ ဒေါ်ခေမာ၏ ရင်ထဲမှာ တုန်လှုပ်လာပြန်သည်။ ပွေ့ချီချင်စမ်းပါဘိ။ ပါးဖောင်းဖောင်းကလေးကို နမ်းချင်စမ်းပါဘိ။

"ဩော်- မြေးရယ်"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက်အလေးထား ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာ ဒေသနဲ့တိုင်းပြည်အတွက် ကောင်းမွန်တဲ့ရလဒ်ကောင်းတွေရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးဟာ ပြည့်စုံကောင်းမွန်လာမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂



## လီဗာပူးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး မန်ယူအသင်း ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်နိုင်ပွဲ စတင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၃)ရဲ့ အကောင်းဆုံးနဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ မန်ယူအသင်းက လီဗာပူးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်နိုင်ပွဲစတင်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်ယူအသင်းနည်းပြ အဲရစ်တန်ဟက်ဟာ အသင်းခေါင်းဆောင် မက်ဂွိုင်ယာနဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ကို ပွဲထွက်ကစားသမားစာရင်းကနေ ချန်လှပ်ထားခဲ့ပြီး လူငယ်ကစားသမားအများစုကိုသာ ပွဲထွက်ကစားသမားစာရင်းမှာ ထည့်သွင်းလာခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○

### ယနေ့ ဖတ်စရာ

**အဂတိလိုက်စားမှု၊ အဂတိလိုက်စားမှုနှင့်သက်ဆိုင်သည့် ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ဘဏ္ဍာ မြန်မာငွေကျပ်သန်းပေါင်း ၂၅၉၆၇၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၂၆၇၄၆ ဒေါ်လာ နစ်နာဆုံးရှုံး**

စာမျက်နှာ » ၇

**တောင့်ထား စာပေဗိမာန်**

ဆောင်းပါး စာမျက်နှာ » ၁၀



**တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တွင် လောင်စာဆီကားများ ရောင်းချမှု ၂၀၃၀ တွင် ပိတ်ပင်မည်**

စာမျက်နှာ » ၁၃

## MNL-2 ပြိုင်ပွဲတွင် ကချင်ယူနိုက်တက် ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဩဂုတ် ၂၃

၂၀၂၂ ရာသီ MNL-2 (ပထမတန်း)ပြိုင်ပွဲ ပွဲစဉ်(၄) ပထမနေ့ကို ဩဂုတ် ၂၃ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပရာ ကချင်ယူနိုက်တက်အသင်းက ယောမြေအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။

ကချင်ယူနိုက်တက်အသင်းသည် ယောမြေကို ဂိုးပြတ်သွင်းယူပြီး ယခုရာသီအတွက် ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ ကချင်ယူနိုက်တက်အသင်းသည် နှစ်ပွဲကစားအပြီးတွင် တစ်မှတ်သာရယူနိုင်ခဲ့ပြီး တတိယမြောက်ပွဲမှ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယောမြေအသင်းမှာမူ နှစ်ပွဲဆက်တိုက် အရေးနိမ့်ခဲ့ခြင်းဖြစ်ပြီး ဂိုးပေါက်လည်း ပျောက်ဆုံးခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၂၃

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳